# ဝါးဝါးထိမ်ဝတ္ထုရွေးကြာပင်

# ငါးပါးသီလအကြောင်း

နိုင်ငံတော် ဝန်ကြီးချုပ် ဦးနု၏

မိန့်ခွန်း

မြန်မာနိုင်ငံ ဘာသာပြန် စာပေအသင်း

ပဉ္စမနှိပ်ခြင်း၊ ၁၉၅၈ -ခု ဇွန်လ အုပ်ရေ ၃၀,၀၀၀

စာပေဗိမာန် ပုံနှိပ်တိုက်
၃၆၁ - ပြည်လမ်း၊ ရန်ကုန်မြို့။

မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်း မူပိုင်

# ကတညုတ ကတဝေဒီ စာတမ်း

၁၉၅၇ ခု၊ ဇန္နဝါရီလအတွင်းတွင် နိုင်ငံတော် ဗုဒ္ဓသာသနာ့အဖွဲ့၏ ဖိတ်ကြားချက်အရ ဆဋ္ဌသင်္ဂီတိ မဟာပါသာဏဂုဟာ လိုဏ်ဂူတော်ကြီးအတွင်း၌ ငါးပါးသီလ မိန့်ခွန်းကို ကျွန်တော် ပြောကြားခဲ့ရပါသည်။ ဤမိန့်ခွန်းတွင် ပါသည့် အရေးကြီးသော အချက်အလက်များကို ကျမ်းအစောင်စောင်မှ ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ ပါဠိ ပညာရေးဌာန အုပ်ချုပ်ရေးမှူး ရွှေစကြာဦးစိုးမြင့်က လုံးဝတာဝန်ယူ၍ ရှာဖွေပေးပါသည်။ ဤအကူအညီအတွက် ရွှေစကြာ ဦးစိုးမြင့်အား ကျေးဇူး အထူး တင်ရှိကြောင်းကို ကျွန်တော် မှတ်တမ်းတင်ရှိပါသည်။

မောင်နု

# ငါးပါးသီလခံယူပုံ

## ကန်တော့

ဩကာသ ဩကာသ ဩကာသ ကာယကံ ဝစီကံ မနောကံ တည်း ဟူသော သုံးပါးသော ကံတို့တွင် တပါးပါးသောကံဖြင့် ပြစ်မှားမိသည် ရှိသော် ထိုအပြစ်တို့မှ ပျောက်ပါစေခြင်း အကျိုးငှါ ပဌမ ဒုတိယ တတိယ တကြိမ် နှစ်ကြိမ် သုံးကြိမ်မြောက်အောင် ဘုရားရတနာ တရားရတနာ သံဃာရတနာ တည်းဟူသော ရတနာမြတ် သုံးပါးအပေါင်း ကာယကံ ဝစီကံ မနောကံ တည်းဟူသော သုံးပါးသောကံတို့ဖြင့် အရိုအသေ အလေးအမြတ် လက်စုံမိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ပါ၏ဘုရား။

## ဆုတောင်း

ဤသို့ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ရသော ကုသိုလ်ကံ စေတနာတို့ကြောင့် ဤဘဝမှစ၍ နိဗ္ဗာန်ရသည့်ဘဝတိုင်အောင် ဖြစ်လေရာရာ ဘဝအဆက်ဆက်တို့၌ အပါယ်လေးပါး ကပ်သုံးပါး ရပြစ်ရှစ်ပါး ရန်သူမျိုးငါးပါး ဝိပတ္တိတရားလေးပါး ဗျသနတရားငါးပါး တို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းသည်သာဖြစ်၍ အဆုံးစွန်သောဘဝ၌ မဂ်တရား ဖိုလ်တရား နိဗ္ဗာန်ချမ်းသာ တရားတော်မြတ်ကို ရပါလို၏ ဘုရား။

**(ဘုန်းတော်ကြီးက ကန်တော့ကျိုး ပေးပြီးသောအခါ) သီလခံယူသူများက "ဟောတော်မူသည့်အတိုင်း ပြည့်စုံရပါလို၏ဘုရား" ဆိုပါ။**

## ငါးပါးသီလတောင်း

အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

ဒုတိယမ္ပိ အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

တတိယမ္ပိ အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

**( ဘုန်းတော်ကြီးက ယမဟံ ဝဒါမိ၊ တံ ဝဒေထ ဆိုပြီးသောအခါ ) သီလခံယူသူများက "အာမဘန္တေ" ဆိုပါ။**

## ဘုရားရှိခိုး

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

**(သုံးခေါက်ဆိုပါ)**

**သရဏဂုံ သုံးပါး**

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဓမ္မံ သရဏံ ဂစ္ဆာမိ။
သံဃံ သရဏံ ဂစ္ဆာမိ။
ဒုတိ ယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဒုတိ ယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ။
ဒုတိ ယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။
တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ။
တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။

(ဘုန်းတော်ကြီးက တိသရဏဂမနံ ပရိပုဏ္ဏံ ဆိုပြီးသောအခါ) သီလခံယူသူများက "အာမဘန္တေ" ဆိုပါ။

# ငါးပါးသီလ

၁။ ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
၂။ အဒိန္နာဒါနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
၃။ ကာမေသု မိစ္ဆာစာရာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
၄။ မုသာဝါဒါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
၅။ သုရာ မေရယ မဇ္ဇ ပမာဒဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

**(ဘုန်းတော်ကြီးက တိ သရဏေန သဟ ပဉ္စသီလံ ဓမ္မံ သာဓုကံ ကတွာ အပ္ပမာဒေန သမ္ပာဒေထ ဆိုပြီးသောအခါ) သီလခံယူသူများက "အာမ ဘန္တေ" ဆိုပါ။**

မှတ်ချက်။ ။မြတ်စွာဘုရားထံ သီလခံယူသောအခါ "ဟောတော်မူသည့်အတိုင်း ပြည့်စုံရပါလို၏ဘုရား" "အာမ ဘန္တေ" တို့ကို ဆိုရန်မလိုပါ။ ပါဠိအစဉ်အတိုင်း ဆိုရန်သာ ဖြစ်ပါသည်။

# ငါးပါးသီလအကြောင်း

သဘာပတိနဲ့တကွ ကြွရောက်လာကြတဲ့ လူကြီးမင်း အပေါင်းတို့
ခင်ဗျား။

မနှစ်က နိုဝင်ဘာလထဲမှာ အိန္ဒိယနိုင်ငံ နယူးဒေလီမြို့မှာ ကျင်းပတဲ့
ဗုဒ္ဓဇယန္တီပွဲကို ကျွန်တော် တက်ရောက်ခဲ့ပါတယ်။ အဲဒီပွဲကို တက်ပြီး
ကာလကတ္တားမြို့မှ ရန်ကုန်ကို မြန်မာနိုင်ငံတော်အစိုးရပိုင် "ပြည်တော်
ဧ" သင်္ဘောနဲ့ ကျွန်တော်ပြန်ခဲ့ပါတယ်။ ရန်ကုန်ကို ရောက်ခါနီးတော့
သင်္ဘောပေါ်မှာ အလုပ်လုပ်ကြတဲ့ ဗုဒ္ဓဘာသာဝင် သင်္ဘောသား
ငါးဆယ်လောက်က ကျွန်တော့်ကို ကန်တော့ကြပါတယ်။ ကျွန်တော်
လဲ သူတို့အတွက် ဆုမွန်ကောင်းများ တောင်းပြီးတဲ့နောက် မင်းတို့
အထဲက ငါးပါးသီလကို သိတဲ့လူ လက်ညှိုးထောင်စမ်းပါလို့ ပြောလိုက်
တယ်။ အဲဒီအခါမှာ သင်္ဘောသား နှစ်ဦးသာ လက်ညှိုးထောင်နိုင်
တယ်။ ဗုဒ္ဓဘာသာဝင် ငါးဆယ်လောက်ထဲက နှစ်ယောက်လောက်သာ
ငါးပါးသီလကို သိတယ်ဆိုတော့ အတော် လွန်လွန်းနေတာဘဲ။ ကျန်
တဲ့သင်္ဘောသားတွေဟာ ငါးပါးသီလလောက်မှ မသိယင်တော့ ဘုရား,
တရား, သံဃာ,ရတနာမြတ်သုံးပါးဆိုတာ ဘယ်လိုဟာမျိုးလဲလို့ သိဘို့
ဆိုတော့ အတော်ခက်နေပြီ။ ဒီလူတွေ ဒီလိုသာ ကြီးပြင်းလာပြီး ဘုမသိ
ဘမသိနဲ့ သေသွားကြမယ်ဆိုယင်တော့ သာသနာတော်ကြီးနဲ့ ကြုံ
ကြိုက်ရက်သားနဲ့ သူတို့ရဲ့ လူ့ဘဝ ဆုံးကြမှာဘဲလို့ သူတို့အတွက်
ကျွန်တော်ကလေး စိတ်ပူပန်မိတယ်။

ဒီနှစ် ဝါဝင်ခါနီးမှာလဲ ဝင်ဒါမီယာဝင်းကို စောင့်ပေးနေတဲ့ လက်
နက်ကိုင် ရဲဘော်ကလေးတွေ ကျွန်တော့်ကို ကန်တော့ကြတယ်။ ကျွန်

တော်လဲ သူတို့အတွက် ဆုမွန်ကောင်းများ တောင်းပြီးတဲ့အခါ သူတို့အထဲမှာ ငါးပါးသီလကို သိတဲ့ ရဲဘော်ဟာ လက်ညှိုးထောင်စမ်းပါလို့ ကျွန်တော် ပြောလိုက်တယ်။ အဲဒီအခါမှာလဲ ရဲဘော်နှစ်ယောက်ထဲ လက်ညှိုးထောင်တာကို ကျွန်တော် တွေ့ရတယ်။ ဒီလိုတွေ့ရတော့ ကျွန်တော့် စိတ်ထဲမှာ အများကြီး ထိခိုက်သွားတယ်။ ဒီတချိန် ထိခိုက်တာကတော့ ဒီ ရဲဘော်ကလေးတွေရဲ့ နောင်ရေးအတွက် သက်သက်မဟုတ်ပါဘူး။

(၁) တနိုင်ငံလုံးမှာရှိတဲ့ လူငယ်တွေထဲက အနဲဆုံး တဝက်ကျော်ကျော်လောက်ဟာ ငါးပါးသီလကို သိတော့မှာ မဟုတ်ဘူး။

(၂) အဲဒီ လူငယ်တွေဟာ ငါးပါးသီလလောက်မှ မသိယင် သူတို့ကိုယ်ကို သူတို့ ဘယ်လို ထိန်းသိမ်း စောင့်ရှောက်ကြမလဲ။

(၃) ကိုယ့်ကိုယ်ကို ဘယ်လို ထိန်းသိမ်း စောင့်ရှောက်ရမှန်းမသိတဲ့ လူဦးရေဟာ တဝက်ကျော်ကျော်လောက် ရှိနေတဲ့ နိုင်ငံတနိုင်ငံရဲ့ နောင်ရေးဟာတော့ဖြင့်ယင် မတွေးဝံ့အောင် ဖြစ်နေပြီလို့ စဉ်းစားမိပြီး ကျွန်တော့်စိတ်မှာ အများကြီး ထိခိုက်ခြင်း ဖြစ်မိပါတယ်။

အဲဒီအချိန်ကစပြီး တနိုင်ငံလုံးမှာ ငါးပါးသီလ ပြန့်ပွါးအောင် ဘယ်လိုလုပ်ပေးရမလဲ ဆိုတာကို အကြံထုတ်နေတုန်း လွန်ခဲ့တဲ့ ဝါဆိုလပြည့်နေ့က ပြည်ထောင်စု ကလပ်မှာ ကျင်းပတဲ့ တရားဆွေးနွေးပွဲမှာ နိုင်ငံတော် တရားဝန်ကြီးချုပ်ဟောင်း ဦးသိမ်းမောင်က တနိုင်ငံလုံး ငါးပါးသီလ ပြန့်ပွါးအောင် လုပ်လိုတဲ့ ဆန္ဒရှိတဲ့ အကြောင်း ပြောပြတာကို ကြားရတဲ့အခါ ကျွန်တော်အင်မတန်ဝမ်းသာသွားပါတယ်။ အဲဒီလို ကြားရကြားရချင်း ဦးသိမ်းမောင်ရဲ့ အကြံအစည် အောင်မြင်အောင် ကျွန်တော်အစွမ်းကုန် ကူညီပါ့မယ်လို့ ကတိပေးလိုက် ပါတယ်။ ဦးသိမ်းမောင်ရဲ့ ဖိတ်ကြားချက်အရ ဒီနေရာကို လာရောက်ပြီး ငါးပါးသီလအကြောင်းကို အခုလို ပြောခွင့်ရတဲ့ အတွက် ဦးသိမ်း

မောင်အားရှင်း၊ တရားပွဲဖြစ်အောင် စီစဉ်ပေးတဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး ဗိုလ်မှူးအောင်အားရှင်း ကျွန်တော် အများကြီး ကျေးဇူး တင်ပါတယ်။

သဘာပတိနဲ့တကွ ကြွရောက်လာကြတဲ့ လူကြီးမင်းတို့ခင်ဗျား။

လူတိုင်းလူတိုင်းဟာ ဘာ့ကြောင့် အနည်းဆုံး ငါးပါးသီလကို စောင့်ထိန်းရမယ် ဘာ့ကြောင့် လူတိုင်းလူတိုင်းဟာ ငါးပါးသီလကို ခါးဝတ်ပုဆိုးလို မြဲရမယ်ဆိုဘာကို အကြမ်းအားဖြင့် သဘောပေါက် နိုင်အောင် ငါးပါးသီလကို မပြောခင် သံသရာဆိုတာကို အနည်းငယ် ရှင်းပြချင်ပါတယ်။

သံသရာဆိုတာ အဆက်မပြတ် မရပ်မနား ဆက်ကာဆက်ကာ ဖြစ်နေရတာကို ဆိုပါတယ်။ ဒီလိုဖြစ်နေတဲ့အတွက် သတ္တဝါတွေ သေ ပြီးတဲ့နောက် ဗြဟ္မာတွေ ဖြစ်လိုက် နတ်တွေ ဖြစ်လိုက် လူတွေဖြစ်လိုက် တိရစ္ဆာန်တွေဖြစ်လိုက် ပြိတ္တာတွေ ဖြစ်လိုက် အသုရကာယ်တွေဖြစ် လိုက် ငရဲသူငရဲသားတွေ ဖြစ်လိုက်နဲ့ အဆက်မပြတ် မရပ်မနား ကျင်လည်နေရပါတယ်။

အရှုံးအမြတ် စကားနဲ့ ပြောရယင် လူတယောက်ဟာ သေပြီးတဲ့ နောက် လူပြန်ဖြစ်ယင် အရင်းတိုင်းဘဲ၊ နတ်သော်ရှင်း ဗြဟ္မာသော်ရှင်း ဖြစ်ယင် မြတ်တယ်။ လူတယောက်ဟာ သေပြီးတဲ့နောက် တိရစ္ဆာန် ပြိတ္တာ အသုရကာယ် ငရဲသူ ငရဲသားတွေထဲက တဦးဦး ဖြစ်ရယင် ရှုံးတယ်။

လူတယောက်ဟာ အဲဒီလို ဘဝရှုံးပြီးယင် အမြတ်ဖြစ်တဲ့ နတ်ဘဝ တို့ ဗြဟ္မာဘဝတို့ကို ရဘို့ဆိုတာ မပြောနဲ့ အရင်းအတိုင်း ဖြစ်တဲ့ လူ့ ဘဝကိုဘဲ ပြန်ရဘို့ အခက်ကြီး ခက်သွားပြီ။

တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ်၊ ငရဲဘုံတွေမှာ တရားအသံကို ကြားရဘို့ကလဲ အင်မတန်ခက်၊ ကြားရပြန်ယင်လဲ နားလည်ဘို့က

အင်မတန်ခက်နေတဲ့အတွက် သတ္တဝါတဦးဟာ ဒီအပါယ်လေးဘုံကို တခါရောက်မိပြီဆိုမှဖြင့်ယင် ဒီဘုံတွေက လွတ်မြောက်ဖို့ဟာ မျှော်ကြည့်ဘို့တောင် အင်မတန် ခဲယဉ်းသွားပါတယ်။

သီလမြဲပါတယ် ဆိုတဲ့ လူတွေ ဘုန်းကြီးတွေတောင် တခါတလေ ခြေချော် လက်ချော်ဖြစ်ပြီး ဒီအပါယ်လေးဘုံကို ဇောက်ထိုးကျသွားနိုင်သေးယင်–

(၁) ငါးပါးသီလဆိုတာ ဘာမှန်းမသိတဲ့လူတွေ၊

(၂) သိပြန်ယင်လဲ တင်းတင်းကြပ်ကြပ် မစောင့်ထိန်းဘဲ ယော့ရဲရဲနဲ့ လုပ်နေတဲ့လူတွေ၊

(၃) ငါးပါးသီလထဲက သီလတပါးပါးကိုသော်၎င်း၊ အများကိုသော်၎င်း၊ အားလုံးကိုသော်၎င်း၊ တချိုးထဲချိုး၊ တဖောက်ထဲ ဖောက်နေကြတဲ့ လူတွေအတွက်ကိုတော့ သံသယ အနည်းငယ်မျှ ရှိနေဘို့ မလိုပါဘူး။ ဒီလိုလူစားတွေ သေကြယင် အပါယ်လေးဘုံကို ဇောက်ထိုး ဆင်းကြမှာဘဲ ဖြစ်တယ်။

အဲဒီတော့ လူတိုင်းလူတိုင်းဟာ ရပြီးသား လူ့ဘဝကလေးကို ဆုံးရှုံးမသွားစေချင်ဘူးဆိုယင် အနဲဆုံး ငါးပါးသီလတော့ မြဲရလိမ့်မယ်။ အဲဒီလိုဆိုယင် ငါးပါးသီလဟာ ဘာတွေလဲ။

သီလဆိုတာ ကိုယ်နဲ့ နှုတ်ကို မကောင်းတာ မလုပ်မိအောင် မကောင်းတာ မပြောမိအောင် ထိန်းသိမ်းခြင်း ဖြစ်တယ်။ အဲဒီတော့ ငါးပါးသီလဆိုတာ တခြားဟာ မဟုတ်ပါဘူး။

မကောင်းတဲ့ ကိစ္စငါးခုနဲ့ ပတ်သက်ပြီး ကိုယ်က မလုပ်မိအောင်၊ နှုတ်ကမပြောမိအောင် ထိန်းသိမ်းခြင်းဘဲ ဖြစ်ပါတယ်။အဲဒီ မကောင်းတဲ့ ကိစ္စငါးခုကတော့ –

(၁) သူ့အသက်ကို သတ်ခြင်း၊

(၂) သူ့ဥစ္စာကို ခိုးခြင်း၊

(၃) သူတပါး၏ မယားနှင့် အုပ်ထိန်းခြင်း မကင်းတဲ့ သမီးပျိုများကို မေထုန်ကျူးလွန်ခြင်း၊ မိန်းမများအတွက်မှာမူကား မိမိရဲ့ကာမပိုင် လင်မှတပါး အခြားယောကျ်ားနဲ့ မေထုန်ကျူးလွန်ခြင်း၊

(၄) မဟုတ်မမှန်သော စကားကို ပြောဆိုခြင်း၊

(၅) သေရည် သေရက်ကို သောက်စားခြင်းတို့ပင် ဖြစ်ပါတယ်။

အခုပြောခဲ့တဲ့ ကိစ္စငါးခုမှာလဲ နံပတ် ၄ – ကလွဲပြီး အခြားကိစ္စ ၄ – ခုဟာ ကိုယ်နဲ့လုပ်ရတဲ့ကိစ္စ ၄ – ခုဖြစ်တယ်။ နံပတ် ၄ – ကတော့ နှုတ်နဲ့ ပြောရတဲ့ကိစ္စဖြစ်တယ်။ အဲဒီ ကိစ္စငါးခုစလုံးကို ကိုယ်ကလဲ မလုပ်မိအောင်၊ နှုတ်ကလဲ မပြောမိအောင် ကိုယ်နဲ့နှုတ်ကို စောင့်ထိန်းထားတာဟာ ငါးပါးသီလစောင့်တာဖြစ်တယ်။

## ငါးပါးသီလ၏ အမည် ဘွဲ့တံဆိပ်များ

ငါးပါးသီလကို နိကာယ်ငါးရပ် ပိဋကတ်သုံးပုံ ဓမ္မက္ခန္ဓာ ရှစ်သောင်းလေးထောင်တို့မှာ အမည်အမျိုးမျိုး ဘွဲ့တံဆိပ်အမျိုးမျိုးတို့ဖြင့် ခတ်နှိပ်ဖော်ပြထားပါတယ်။ အဲဒီအထဲက ထင်ရှားတဲ့ အမည် ဘွဲ့တံဆိပ်များကတော့ အောက်ပါအတိုင်း ဖြစ်ပါတယ်။

## ဝါရိတ္တသီလ

သီလဟာ ၂ – မျိုးရှိတယ်။ ၎င်းတို့မှာ စာရိတ္တသီလနှင့်ဝါရိတ္တသီလဖြစ်တယ်။ စာရိတ္တသီလဆိုတာက ဒီလိုပါ။ ဒီအမှုမျိုးကို ပြုကျင့်ထိုက်တယ်လို့ မြတ်စွာဘုရားက ဟောကြားထားတော်မူတဲ့ ပညတ်ချက် သိက္ခာပုဒ်တော်များ ရှိပါတယ်။ အဲဒီပညတ်ချက် သိက္ခာပုဒ်တော်များကို ဖြည့်ကျင့်ခြင်းဟာ စာရိတ္တသီလမည်ပါတယ်။ ခုတင် အကျင့် ၁၃ – ပါးစသည်တို့ဟာ စာရိတ္တသီလဖြစ်တယ်။ စာရိတ္တသီလတို့ရဲ့ သ

ဘောမှာ ကျင့်လျှင် ကုသိုလ်ရတယ်။ မကျင့်လျှင် ကုသိုလ်မရဘူး။ ဝါရိတ္တသီလ ဆိုတာကတော့ ဒီလိုပါ။ ဒီအမှုမျိုးကို မပြုကျင့်ထိုက်၊ ရှောင်ကြဉ်ရမယ်လို့ မြတ်စွာဘုရား ဟောကြားထားတော် မူတဲ့ ပညတ်ချက် သိက္ခာပုဒ်တော်များ ရှိပါတယ်။ ဒီပညတ်ချက်သိက္ခာပုဒ် တော်များကို မြတ်စွာဘုရား ဟောတဲ့အတိုင်း ရှောင်ကြဉ်ခြင်းဟာ ဝါရိတ္တသီလဖြစ်ပါတယ်။ ငါးပါးသီလဟာ ဝါရိတ္တသီလဖြစ်ပါတယ်။ ဝါရိတ္တသီလတို့ရဲ့ သဘောမှာ ကျင့်လျှင် (ရှောင်ကြဉ်လျှင်) ကုသိုလ် ရတယ်။ မကျင့်လျှင် (မရှောင်ကြဉ်လျှင်) အပြစ်ဖြစ်တယ်။ အကု သိုလ်ဖြစ်တယ်။ ငါးပါးသီလမှာ ရှောင်ကြဉ်ရန် ဟောထားတဲ့ သီလ ဖြစ်တာကြောင့် ဝါရိတ္တသီလစာရင်းမှာ ပါဝင်ပြီး ဝါရိတ္တသီလလို့ ခေါ် ပါတယ်။

* ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ သီလနိဒ္ဒေသ[၁] အခန်းမှာ ဒီအတိုင်း ဖော်ပြထားပါတယ်။

## ပဉ္စသီလ (ငါးပါးသီလ)

ပါဏာတိပါတာ ဝေရမဏီ–စတဲ့ ငါးပါးသော သိက္ခာပုဒ်တို့ဟာ ကာယကံ ဝစီကံတို့ဖြင့် စောင့်စည်း ထိန်းသိမ်းထားရသည့်အတွက် သီလမည်ပါတယ်။ ဒီ သီလဟာလဲ တပါး၊ နှစ်ပါး စသည်ဖြင့် ရေ တွက်သောအခါ ငါးပါးရှိတာကြောင့် ပါဠိဘာသာအားဖြင့် ပဉ္စသီလ မြန်မာဘာသာအားဖြင့် "ငါးပါးသီလ" လို့ ခေါ်ပါတယ်။

ဇာတကအဋ္ဌကထာ ဆက္ကနိပါတ် တုဏ္ဍိလဇာတ်[၂] မှာရင်း၊ အဋ္ဌ သာလိနီ အဋ္ဌကထာ[၃] နှင့် သမ္မောဟဝိနောဒနီအဋ္ဌကထာ[၄] မှာရင်း၊ သဂါထာဝဂ္ဂသံယုတ် အဋ္ဌကထာ[၅] နှင့် ဗုဒ္ဓဝံသပါဠိတော်[၆] မှာရင်း၊

* ဆိုင်ရာ စာမျက်နှာနံပတ်များကို ၁-၂-၃ စသော ဂဏန်းအစီအစဉ်အတိုင်း မိန့် ခွန်း၏အဆုံးမှာ ဖော်ပြထားပါသည်။

ဆင္ဃသံဂါယနာမူ အပဒါနပါဠိတော် နန္ဒာထေရ်အပဒါန [7] ပဉ္စသီလ
သမာဒါနိယတ္ထေရအပဒါန [8] မှာရင်း ဒီအတိုင်း ဖော်ပြထားပါတယ်။

## ပဉ္စသိက္ခာပဒ(သိက္ခာပုဒ်ငါးခု)

ပါဏာတိပါတာ ဝေရမဏီ–စတဲ့ ငါးပါးသော သီလတို့ဟာ ကျင့်သုံး ဆောက်တည်ထိုက်သောကြောင့် သိက္ခာပဒ (သိက္ခာပုဒ်) မည်ရာ ဒီ သိက္ခာပုဒ်တွေလဲ တပါး နှစ်ပါး စသည်ဖြင့် ရေတွက်သော အခါ ငါးပါးရှိသောကြောင့် ပါဠိဘာသာ အားဖြင့် "ပဉ္စသိက္ခာပဒ" မြန်မာဘာသာအားဖြင့် "သိက္ခာပုဒ်ငါးခု" လို့ ခေါ်ပါတယ်။

ဒီဃနိကာယ ပါထိကဝဂ္ဂပါဠိတော် သင်္ဂီတိသုတ် [9] မှာရင်း၊ သမ္မောဟ ဝိနောဒနီအဋ္ဌကထာ [10] မှာရင်း၊ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ [11] မှာရင်း၊ ခုဒ္ဒကနိကာယ အဘိဓမ္မဝိဘင်္ဂပါဠိတော် သိက္ခာပဒဝိဘင်း [12] မှာရင်း ဒီအတိုင်း ဖော်ပြထားပါတယ်။

## စက္ကဝတ္တိ ဓမ္မသတ်

ကမ္ဘာအဆက်ဆက်မှ စကြဝတေးမင်း ဟူသမျှတို့ဟာ ကမ္ဘာကို အုပ်ချုပ်ရာမှာ အထူးတလည် ဥပဒေ ဓမ္မသတ်ဆိုပြီး မထားဘူး။ ငါးပါး သီလကိုသာ ဓမ္မသတ်ပြုလုပ်ပြီး အုပ်ချုပ်ခဲ့ကြပါတယ်။ အဲဒါကြောင့် ငါးပါးသီလဟာ စကြဝတေးမင်းတို့ရဲ့ ဓမ္မသတ်လည်း ဖြစ်ပါတယ်။ ရာဇသတ်လည်း ဖြစ်ပါတယ်။ ဥပဒေလည်း ဖြစ်ပါတယ်။ အဲဒီလိုဖြစ်တဲ့အတွက် ငါးပါးသီလကို စက္ကဝတ္တိ ဓမ္မသတ် (စကြဝတေးမင်းတို့ရဲ့ ဓမ္မသတ်) လို့ ခေါ်ထိုက်ပါတယ်။

ဆဋ္ဌသင်္ဂါယနာမူ ဒီဃနိကာယ မဟာဝဂ္ဂပါဠိတော် မဟာသုဒဿနသုတ် [13] မှာရင်း၊ ဒီဃနိကာယ ပါထိကဝဂ္ဂပါဠိတော် စက္ကဝတ္တိသုတ် [14] မှာရင်း ဒီအတိုင်း ဖော်ပြထားပါတယ်။

## ဂရုဓမ္မ

ငါးပါးသီလဟာ လူဝတ်ကြောင်တို့အတွက် အလေးအမြတ်ပြုပြီး စောင့်ရှောက်ထိုက်တဲ့တရားဖြစ်တာကြောင့်"ဂရုဓမ္မ"လို့ခေါ်ပါတယ်။

ဇာတကအဋ္ဌကထာ ဒုတိယအုပ် တိကနိပါတ် *ဂရုဓမ္မဇာတ် [၁၅]မှာ ဒီအတိုင်း ဖော်ပြထားပါတယ်။

## အရိယဓမ္မ

ငါးပါးသီလဟာ အရိယာ သူတော်ကောင်းတို့ရဲ့ တရားဖြစ်တာကြောင့် "အရိယဓမ္မ" မည်ပါတယ်။

အင်္ဂုတ္တရနိကာယ ပဉ္စကနိပါတ် ဂိဟိသုတ်အဖွင့် ပဉ္စင်္ဂုတ္တရအဋ္ဌကထာ [၁၆]မှာ ဒီအတိုင်း ဖော်ပြထားပါတယ်။

## ဂဟဋ္ဌသီလ

ပါဏာတိပါတာ ဝေရမဏီ–စတဲ့ ငါးပါးသီလဟာ လူတို့စောင့်ထိန်းအပ်တဲ့ သီလဖြစ်တာကြောင့် "ဂဟဋ္ဌသီလ" မည်ပါတယ်။

ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ သီလနိဒ္ဒေသ [၁၇]မှာ ဒီအတိုင်း ဖော်ပြထားပါတယ်။

## နိစ္စသီလ

ပါဏာတိပါတာ ဝေရမဏီ–စတဲ့ ငါးပါးသီလဟာ လူဝတ်ကြောင်ပုဂ္ဂိုလ်တို့အတွက် ခါးဝတ်ပုဆိုးလို အမြဲတမ်း စောင့်ထိန်းထိုက်တာကြောင့် "နိစ္စသီလ" မည်ပါတယ်။

ဝိသုဒ္ဓိမဂ္ဂ အဋ္ဌကထာမှာ [၁၈] ဒီအတိုင်း ဖော်ပြထားပါတယ်။

*ဂရုဓမ္မဇာတ်ဟူသည် မြန်မာစာမူအလိုဖြစ်သည်။ သီဟိုဠ် ယိုးဒယား စာမူတို့မှာကား ကုရုဓမ္မဇာတ်ဟု ရှိသည်။

## အရိယကန္တ

ပါဏာတိပါတာ ဝေရမဏီ–စတဲ့ ငါးပါးသော သီလဟာ အရိယာသူတော်ကောင်းတို့ နှစ်သက်အပ်သောကြောင့် "အရိယကန္တ" မည်ပါတယ်။

ဆဋ္ဌသံဂါယနာမူ အင်္ဂုတ္တရနိကာယ ပဉ္စကနိပါတ် ပါဠိတော် ဂိဟိသုတ် [၁၉] မှာရှင်း၊ ဆဋ္ဌသံဂါယနာမူ သံယုတ္တနိကာယ မဟာဝဂ္ဂသံယုတ်ပါဠိတော် သောတာပတ္တိသံယုတ် [၂၀] မှာရှင်း ဒီအတိုင်း ဖော်ပြထားပါတယ်။

## ငါးပါးသီလ၏ အကျိုး အကျဉ်းချုပ်

**(က) အကျိုးတရားငါးပါး။** ။ငါးပါးသီလကို လုံခြုံအောင် စောင့်ထိန်းတဲ့ပုဂ္ဂိုလ်ဟာ အောက်ပါ အကျိုးငါးမျိုးကို ရနိုင်ပါတယ်။

(၁) ကြီးစွာသော စည်းစိမ်ဥစ္စာကို ရနိုင်တယ်၊
(၂) ကောင်းသောဂုဏ်သတင်း ကျော်စောခြင်းရှိတယ်၊
(၃) ပရိသတ်အလယ်၌ ရဲရဲရင့်ရင့် မျက်နှာပြ လှတယ်၊
(၄) သေသောအခါ မတွေမဝေဘဲ သေရတယ်၊
(၅) သေသည်၏ အခြားမဲ့၌ နတ်ပြည်သို့ရောက်တယ်လို့–

ဆဋ္ဌသံဂါယနာမူ အင်္ဂုတ္တရနိကာယ ပဉ္စကနိပါတ် ပါဠိတော် အက္ကောသကဝဂ် သီလသုတ် [၂၁] မှာရှင်း၊ ဆဋ္ဌသံဂါယနာမူ ဝိနယ မဟာဝဂ္ဂပါဠိတော် ဘေသဇ္ဇက္ခန္ဓက ပါဋလိဂါမဝတ္ထု [၂၂] မှာရှင်း၊ ဆဋ္ဌသံဂါယနာမူ ခုဒ္ဒကနိကာယ ဥဒါနပါဠိတော် ပါဋလိဂါမိယသုတ် [၂၃] မှာရှင်း ဒီအတိုင်း ဖော်ပြထားပါတယ်။

**(ခ) ဒုတိယအကျိုးတမျိုး။** ။ငါးပါးသီလကို လုံခြုံအောင် စောင့်ထိန်းတဲ့ ပုဂ္ဂိုလ်ကို သီလရှိသူ (သီလဝါ) ပုဂ္ဂိုလ်လို့ ခေါ်ဆိုအပ်

တယ်။ ဒီပုဂ္ဂိုလ်ဟာ သေတဲ့အခါ နတ်ပြည် ၆–ထပ်နှင့် လူ့ပြည်လို့ ဆိုအပ်တဲ့ သုဂတိဘဝမှာ ဖြစ်ရတယ်။

ဆဋ္ဌသံဂါယနာမူ အင်္ဂုတ္တရနိကာယ ပဉ္စကနိပါတ်ပါဠိတော် ဝေရသုတ် [၂၄] မှာ ဒီအတိုင်း ဖော်ပြထားပါတယ်။

**(ဂ) တတိယအကျိုးတမျိုး။** ။ငါးပါးသီလ လုံခြုံအောင် စောင့်ထိန်းတဲ့ ပုဂ္ဂိုလ်ဟာ သေပြီးတဲ့နောက် နတ်ပြည်မှာ ဖြစ်ရတယ်။

ဆဋ္ဌသံဂါယနာမူ အင်္ဂုတ္တရနိကာယ ပဉ္စကနိပါတ်ပါဠိတော် သိက္ခာပဒပေယျာလ [၂၅] မှာ ဒီအတိုင်း ဖော်ပြထားပါတယ်။

## ငါးပါးသီလ၏ အကျိုး အသေးစိတ် အကျယ်

ငါးပါးသီလရဲ့ အကျိုး အသေးစိတ် အကျယ်မှာ အောက်ပါအတိုင်း ဖြစ်ပါတယ်။

**(က) ပါဏာတိပါတာ ဝေရမဏီ။** ။သူ့ရဲ့အသက်ကို မသတ်ခြင်း၏အကျိုး။ ပါဏာတိပါတ သိက္ခာပုဒ်ကိုလုံခြုံအောင် စောင့်ထိန်းတဲ့ပုဂ္ဂိုလ်ဟာ သေပြီးတဲ့နောက် နတ်ပြည်သို့ ရောက်ရတယ်။ နတ်ပြည်မှ စုတေပြီး လူ့ဘုံမှာ ဖြစ်တဲ့အခါ–

(၁) အင်္ဂါကြီးငယ်တို့နှင့်ပြည့်စုံခြင်း၊
(၂) အလုံးနှင့်အရပ် လိုက်လျောညီညွတ်ခြင်း၊
(၃) လျင်မြန်သော အဟုန်နှင့်ပြည့်စုံခြင်း၊
(၄) ကောင်းစွာ ညီညွတ်သော ခြေဘဝါးရှိခြင်း၊
(၅) တင့်တယ်ပြေပြစ်ခြင်း၊
(၆) နူးညံ့သိမ်မွေ့ခြင်း၊
(၇) သန့်ရှင်းစင်ကြယ်ခြင်း၊
(၈) ရဲရင့်သောဂုဏ်နှင့် ပြည့်စုံခြင်း၊
(၉) ခွန်အားဗလ ကြီးမားခြင်း၊

(၁၀) ပြေပြစ်သန့်ရှင်းသော စကားရှိခြင်း၊
(၁၁) သတ္တဝါများတို့၏ ချစ်ခင်မြတ်နိုးခြင်းကို ခံရခြင်း၊
(၁၂) မိမိ၏ပရိသတ်သည် စည်းလုံးညီညွတ်စွာရှိခြင်း၊
(၁၃) ကိုယ်လက် ခက်တရော် မရှိခြင်း၊
(၁၄) မိမိအား သူတပါးတို့ မဖျက်ဆီးနိုင်ခြင်း၊
(၁၅) သူတပါးတို့၏ လက်နက်ဖြင့် မသေရခြင်း၊
(၁၆) များသော အခြံအရံရှိခြင်း၊
(၁၇) ရွှေအဆင်းပမာ ဝင်းဝါလှပသော အဆင်းရှိခြင်း၊
(၁၈) ကောင်းသော ရုပ်ရည်အသွင် သဏ္ဌာန်ရှိခြင်း၊
(၁၉) အနာရောဂါကင်းခြင်း၊
(၂၀) စိုးရိမ်ပူပန်ခြင်း (သောက) ကင်းခြင်း၊
(၂၁) ချစ်သောသူတို့နှင့်အတူတကွ အမြဲနေရခြင်း၊
(၂၂) အသက်ရှည်ခြင်း

စတဲ့အကျိုးတို့ကို ရရှိနိုင်ပါတယ်။

**(ခ) အဒိန္နာဒါနာ ဝေရမဏီ။** ။သူ၏ပစ္စည်းဥစ္စာကို မခိုးယူခြင်း၏အကျိုး။ အဒိန္နာဒါန သိက္ခာပုဒ်ကို လုံခြုံအောင် စောင့်ထိန်းတဲ့ ပုဂ္ဂိုလ်ဟာ သေပြီးတဲ့နောက် နတ်ပြည်သို့ ရောက်ရတယ်။ နတ်ပြည်မှ စုတေပြီး လူ့ဘုံမှာ ဖြစ်တဲ့အခါ–

(၁) များစွာသော ဥစ္စာစပါးရှိခြင်း၊
(၂) အပိုင်းအခြားအရေအတွက် မရှိသော စည်းစိမ်ဥစ္စာရှိခြင်း၊
(၃) ခိုင်မြဲသော စည်းစိမ်ဥစ္စာရှိခြင်း၊
(၄) အလိုရှိအပ်သော ပစ္စည်းဥစ္စာတို့ကို လျင်မြန်စွာ ရခြင်း၊
(၅) မင်းအစရှိသော ရန်သူတို့က မနှောင့်ရှက်နိုင်သော ပစ္စည်းဥစ္စာရှိခြင်း၊
(၆) မြတ်သော စည်းစိမ်ဥစ္စာရှိခြင်း၊

(၇) ထိုထိုနေရာအရပ်၌ အကြီးအကဲဖြစ်ရခြင်း၊
(၈) မရှိဟူသောအဖြစ်မျိုးကို မသိရခြင်း၊
(၉) ငြိမ်းချမ်းအေးမြစွာနေရခြင်း၊
စတဲ့ အကျိုးတို့ကို ရရှိနိုင်ပါတယ်၊

**(၈) ကာမေသုမိစ္ဆာစာရာ ဝေရမဏီ။** ။သူတပါး၏ မယား နှင့် အုပ်ထိန်းခြင်းမကင်းသော သမီးပျိုများကို မေထုန်မကျူးလွန်ခြင်း (မိန်းမများအတွက် မိမိ၏ ကာမပိုင်လင်မှတပါး အခြား ယောကျ်ားနှင့် မေထုန်မကျူးလွန်ခြင်း)၏ အကျိုး။ ကာမေသုမိစ္ဆာ စာရ သိက္ခာပုဒ်ကို လုံခြုံအောင် စောင့်ထိန်းတဲ့ ပုဂ္ဂိုလ်ဟာ သေပြီးတဲ့ နောက် နတ်ပြည်သို့ ရောက်ရတယ်။ နတ်ပြည်မှ စုတေပြီး လူ့ဘုံမှာ ဖြစ်တဲ့အခါ—

(၁) ရန်သူ မရှိခြင်း၊
(၂) အလုံးစုံသော သတ္တဝါတို့၏ ချစ်ခင်မြတ်နိုးခြင်းကို ခံရခြင်း၊
(၃) ထမင်းအဖျော် အဝတ်တန်ဆာ စသည်တို့ကို ရခြင်း၊
(၄) ချမ်းသာစွာ အိပ်ရခြင်း၊
(၅) ချမ်းသာစွာ အိပ်ရာမှ နိုးရခြင်း၊
(၆) အပါယ်ဘေးမှ လွတ်ရခြင်း၊
(၇) နပုန်းအဖြစ်မှ ကင်းခြင်း၊
(၈) အမျက်ဒေါသ မကြီးခြင်း၊
(၉) မှန်ကန်စွာ ပြုမူလေ့ရှိခြင်း၊
(၁၀) မျက်နှာရွှင်ပျစွာရှိခြင်း၊
(၁၁) နှစ်သက်အပ်သော ချမ်းသာသုခ ရရှိခြင်း၊
(၁၂) ပြည့်ဝစုံလင်သော ဣန္ဒြိယရုပ် (မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်ကာယ၊ ယောကျ်ားဖြစ်က ပုမ္ဘာဝရုပ်၊ မိန်းမဖြစ်က ဣတ္ထိဘာဝရုပ်)စသည်ရှိခြင်း၊

(၁၃) ပြည့်ဝသော လက္ခဏာရှိခြင်း၊
(၁၄) ယုံမှားသံသယ မရှိရခြင်း၊
(၁၅) ပူပန်ကြောင့်ကြ မရှိရခြင်း၊
(၁၆) ချမ်းသာစွာ နေရခြင်း၊
(၁၇) ဘေးရန်မရှိခြင်း၊
(၁၈) ချစ်သော သူတို့နှင့် အတူနေရခြင်း-

စတဲ့ အကျိုးတို့ကို ရရှိနိုင်ပါတယ်။

**(ဃ) မုသာဝါဒါ ဝေရမဏီ။** ။မဟုတ် မမှန်သောစကားကို မပြောဆိုခြင်း၏အကျိုး။ ။ မုသာဝါဒသိက္ခာပုဒ်ကို လုံခြုံအောင် စောင့်ထိန်းတဲ့ ပုဂ္ဂိုလ်ဟာ သေပြီးတဲ့နောက် နတ်ပြည်သို့ ရောက်ရတယ်။ နတ်ပြည်မှ စုတေပြီး လူ့ဘုံမှာ ဖြစ်တဲ့အခါ–

(၁) ကြည်လင်သော ဣန္ဒြေရှိခြင်း၊
(၂) အပြစ်လွတ်ကင်း၍ ချိုသာသော စကားရှိခြင်း၊
(၃) ညီညီညွတ်ညွတ် ဖြူစင်သော သွားရှိခြင်း၊
(၄) မဝလွန်းခြင်း၊
(၅) မပိန်လွန်းခြင်း၊
(၆) မပုလွန်းခြင်း၊
(၇) မမြင့်လွန်းခြင်း၊
(၈) ကောင်းသော အတွေ့ရှိခြင်း၊
(၉) ခံတွင်း၌ ကြာညိုအနံ့ကဲ့သို့ မွှေးကြိုင်သော အနံ့ရှိခြင်း၊
(၁၀) ရိုသေစွာ နားထောင်လိုက်နာသော ပရိသတ်ရှိခြင်း၊
(၁၁) လေးလေးနက်နက် မှတ်ယူအပ်သော စကားရှိခြင်း၊
(၁၂) ကြာပွင့်ချပ်ကဲ့သို့ နူးညံ့ နီမြန်း ပါးလွှာသော လျှာရှိခြင်း၊
(၁၃) ဆုတ်နစ်မှု မရှိခြင်း၊
(၁၄) တုန်လှုပ်ခြင်း မရှိခြင်း- စတဲ့ အကျိုးတို့ကို ရရှိနိုင်ပါတယ်။

**(၄) သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာဝေရမဏီ။** ။သေရည်သေရက် မသောက်ခြင်း၏ အကျိုး။ သုရာမေရယ သိက္ခာပုဒ်ကို လုံခြုံအောင် စောင့်ထိန်းတဲ့ပုဂ္ဂိုလ်ဟာ သေပြီးတဲ့နောက် နတ်ပြည်သို့ ရောက်ရတယ်။ နတ်ပြည်မှ စုတေပြီး လူ့ဘုံမှာ ဖြစ်တဲ့အခါ—

(၁) ကာလသုံးပါး၌ ပြုအပ်သော ကိစ္စတို့မှာ မမေ့မလျော့ သတိရှိခြင်း၊
(၂) ဉာဏ်ပညာရှိခြင်း၊
(၃) အခါခပ်သိမ်း သတိရှိခြင်း၊
(၄) ဖြစ်ပေါ်လာသော ကိစ္စတို့၌ အကြောင်းအားလျော်စွာ ဖြစ်ပေါ်လာသော ဉာဏ်ရှိခြင်း၊
(၅) ပျင်းရိမှု မရှိခြင်း၊
(၆) မဆွံ့ မအခြင်း၊
(၇) ရူးသွပ်မှု မရှိခြင်း၊
(၈) ထိတ်လန့်တုန်လှုပ်မှု မရှိခြင်း၊
(၉) ဖိနှိပ်ချုတ်ချယ်မှုမရှိခြင်း၊
(၁၀) ငြူစူမှု မရှိခြင်း၊
(၁၁) နှမြောဝန်တိုမှု မရှိခြင်း၊
(၁၂) မှန်သောစကားကို ပြောဆိုခြင်း၊
(၁၃) ကုန်းတိုက်ခြင်း၊ ကြမ်းတမ်းသော စကားကို ပြောဆိုခြင်း၊ အကျိုးမရှိသော စကားကို ပြောဆိုခြင်းတို့မှ ကင်းလွတ်ခြင်း၊
(၁၄) သူတပါး၏ ကျေးဇူးကို သိခြင်း၊
(၁၅) သူတပါး၏ကျေးဇူးကို ထင်စွာ ပြုခြင်း၊
(၁၆) စွန့်ကြဲလှူဒါန်းမှုရှိခြင်း၊
(၁၇) သီလရှိခြင်း၊

(၁၈) ဖြောင့်မတ်စွာ ပြုမူတတ်ခြင်း၊
(၁၉) အမျက်ဒေါသ နည်းပါးခြင်း၊
(၂၀) အရှက်အကြောက် (ဟိရိဩတ္တပ္ပ) နှင့် ပြည့်စုံခြင်း၊
(၂၁) ဖြောင့်မတ်မှန်ကန်သော အယူဝါဒရှိခြင်း၊
(၂၂) မြင့်မြတ်သော အဖြစ်နှင့် ပြည့်စုံခြင်း၊
(၂၃) ပညာရှိခြင်း၊
(၂၄) အကျိုးရှိ မရှိတို့၌ လိမ်မာခြင်း-

စတဲ့ အကျိုးတို့ကို ရရှိနိုင်ပါတယ်။

ဣတိဝုတ္တကအဋ္ဌကထာ တိကနိပါတ် ပဉ္စမသုတ် တတိယဝဂ် [၂၆] မှာ ဒီအတိုင်း ဖော်ပြထားပါတယ်။

## ငါးပါးသီလကို ကျူးလွန်ခြင်း၏ အပြစ် အကျဉ်းချုပ်

ငါးပါးသီလကို ကျူးလွန်တဲ့ ပုဂ္ဂိုလ်ဟာ အောက်ပါ အပြစ်ငါးမျိုးကို ရစေနိုင်ပါတယ်။

(၁) များစွာသော ပစ္စည်း ဥစ္စာတို့မှ ဆုံးရှုံး ပျက်စီးခြင်း ခံရခြင်း၊
(၂) မကောင်းသတင်း ပျံ့နှံ့ ကျော်စောခြင်း၊
(၃) ပရိသတ်အလယ်၌ ကြောက်ရွံ့၍ မျက်နှာမလှခြင်း၊
(၄) သေသောအခါ၌ တွေဝေမိန်းမော၍ သေရခြင်း၊
(၅) သေသည်၏ အခြားမဲ့၌ အပါယ်ငရဲသို့ ရောက်ရခြင်း –

ဆိုတဲ့ အပြစ်တွေကို ရနိုင်တယ်လို့ ဆဋ္ဌသံဂါယနာမူ အင်္ဂုတ္တရ နိကာယ ပဉ္စကနိပါတ် ပါဠိတော် [၂၇] မှာရင်း၊ ဆဋ္ဌသံဂါယနာမူ ဝိနယ မဟာဝဂ္ဂပါဠိတော် ဘေသဇ္ဇက္ခန္ဓက ပါဋလိဂါမဝတ္ထု [၂၈] မှာရင်း၊ ဆဋ္ဌသံဂါယနာမူ ခုဒ္ဒကနိကာယ ဥဒါန ပါဠိတော် ပါဋလိဂါမိယသုတ် [၂၉] မှာရင်း ဒီအတိုင်း ဖော်ပြထားပါတယ်။

## ငါးပါးသီလကို ကျူးလွန်ခြင်း၏ အပြစ် အသေးစိတ် အကျယ်

ငါးပါးသီလကို ကျူးလွန်ခြင်းရဲ့ အပြစ် အသေးစိတ်အကျယ်မှာ အောက်ပါအတိုင်း ဖြစ်ပါတယ်။

**(က) ပါဏာတိပါတ။** ။သူ၏အသက်ကို သတ်ခြင်း၏အပြစ်။ သူ့အသက်ကို သတ်တဲ့သူဟာ သေပြီးတဲ့နောက် ငရဲဘုံ၊ တိရစ္ဆာန်ဘုံ၊ ပြိတ္တာဘုံ၊ အသုရကာယ်ဘုံတို့သို့ ရောက်တတ်တယ်။ လူ့ဘုံမှာဖြစ်တဲ့ အခါ အသက်တိုတယ်။ မွေးခါစကပင် သေတတ်တယ်။

**(ခ) အဒိန္နာဒါန။** ။သူ၏ပစ္စည်းဥစ္စာကို ခိုးယူခြင်း၏အပြစ်။ သူ့ပစ္စည်းဥစ္စာကို ခိုးယူတဲ့သူဟာ သေပြီးတဲ့နောက် ငရဲဘုံ၊ တိရစ္ဆာန်ဘုံ၊ ပြိတ္တာဘုံ၊ အသုရကာယ်ဘုံတို့သို့ ရောက်တတ်တယ်။ လူ့ဘုံမှာ ဖြစ်တဲ့အခါ ဥစ္စာပစ္စည်း ဆုံးရှုံး ပျက်စီးခြင်းသို့ ရောက်ရတယ်။ တချင် ရွေးမျှသော ပစ္စည်းဥစ္စာမျှလည်း မတည်တတ် မရှိတတ်ဘူး။

**(ဂ) ကာမေသုမိစ္ဆာစာရ။** ။သူတပါး မယားနှင့် အုပ်ထိန်း ခြင်းမကင်းသော သမီးပျိုများကို မေထုန် ကျူးလွန်ခြင်း (မိန်းမများ အတွက် မိမိ၏ ကာမပိုင်လင်မှတပါး အခြားယောကျ်ားနှင့် မေထုန် ကျူးလွန်ခြင်း၏အပြစ်)။

ကာမေသု မိစ္ဆာစာရကံကို ကျူးလွန်တဲ့သူဟာ သေပြီးတဲ့နောက် ငရဲဘုံ၊ တိရစ္ဆာန်ဘုံ၊ ပြိတ္တာဘုံ၊ အသုရကာယ်ဘုံတို့သို့ ရောက်တတ် တယ်။ လူ့ဘုံမှာ လူဖြစ်တဲ့အခါ ရန်သူပေါများတယ်။ မြင်သမျှသူ အပေါင်းဟာ ရန်သူလို သဘောထားနေတတ်ကြတယ်။

**(ဃ) မုသာဝါဒ။** ။မဟုတ်မမှန်သော စကားကိုပြောဆိုခြင်း ၏အပြစ်။ မဟုတ်မမှန်သော စကားကို ပြောဆိုတဲ့သူဟာ သေပြီးတဲ့ နောက် ငရဲဘုံ၊ တိရစ္ဆာန်ဘုံ၊ ပြိတ္တာဘုံ၊ အသုရကာယ်ဘုံတို့သို့ ရောက် တတ်တယ်။ လူ့ဘုံမှာ ဖြစ်တဲ့အခါ မဟုတ်မတရား အစွပ်အစွဲ ခံရတတ်

တယ်။ သူတပါးပြုသော မတရားမှုများ မိမိအပေါ် သို့ ကျရောက်တတ်တယ်။

**(င) သုရာပါန။** ။သေရည်သေရက် သောက်ခြင်း၏အပြစ်။
ခသေရည် သေရက် သောက်တဲ့ သူဟာ သေပြီးတဲ့နောက် ငရဲဘုံ၊ တိရစ္ဆာန်ဘုံ၊ ပြိတ္တာဘုံ၊ အသုရကာယ်ဘုံတို့သို့ ရောက်တတ်တယ်။ လူ့ဘုံမှာ လူဖြစ်တဲ့အခါ ရူးသွပ်သူ ဖြစ်တတ်တယ်။ စိတ် ဂရောင် ချောက်ချား ဖြစ်နေတတ်တယ်။ အလည်း အ၊ နားလည်းပင်းတဲ့ လူမျိုး ဖြစ်တတ်တယ်။

အင်္ဂုတ္တရနိကာယ အဋ္ဌကနိပါတ် ပါဠိတော် ဒါနဝဂ္ဂ ၃၀ မှာရင်း၊ အင်္ဂုတ္တရ နိကာယအဖွင့် မနောရထပူရဏီအဋ္ဌကထာ အဋ္ဌက နိပါတ် ဒါနဝဂ္ဂ ၃၁ မှာရင်း ဒီအတိုင်း ဖော်ပြထားပါတယ်။

ငါးပါးသီလကို စောင့်ထိန်းတဲ့အတွက် ရမဲ့ အကျိုးတွေနဲ့ ငါးပါး သီလကို ချိုးဖောက်ဖျက်ဆီးတဲ့အတွက် ခံရမဲ့ အပြစ်တွေကို ကျမ်းဂန် ထဲမှာ ပါတဲ့အတိုင်း ထုတ်ဖော် ပြောဆိုပြီးတဲ့နောက် ငါးပါးသီလကို စောင့်ထိန်းတဲ့အခါ ဘယ်လို စောင့်ထိန်းရမယ်ဆိုတာကို ပြောပြချင် သေးတယ်။

ငါးပါးသီလကို စောင့်ထိန်းတဲ့လူတွေဟာ သစ်ကျုတ် သီလစောင့် သလို မဖြစ်စေချင်ဘူး။

ရှေးတုန်းက မြစ်ကမ်းခြေ ကျွန်းငယ်တခုမှာနေတဲ့ သစ်ကျုတ် တကောင်ဟာ ညအခါ မြစ်ရေတိုးလာတဲ့အတွက် ကျွန်းကိုရေဝိုင်းပြီး အစာရှာ မသွားနိုင်ဖြစ်ခဲ့တယ်။ ဒီအခါ သစ်ကျုတ်က ယနေ့ ငါဟာ အစာငတ်တော့မယ်။ အလကား မဖြစ်ပါစေနဲ့လို့ အဓိဋ္ဌာန်ပြီး ဥပုသ် စောင့်လိုက်တယ်။ အဲဒီအခါ နတ်က စုံစမ်းလိုတဲ့အတွက် ဆိတ်ယောင် ဆောင်ပြီး အသံပေးတယ်။ သစ်ကျုတ်က ဆိတ်ကို မြင်တဲ့အခါ ဒီနေ့ တော့ ဥပုသ်စောင့်လို့မဖြစ်သေးဘူး။ နောင်မှ စောင့်တော့မယ်လို့ ဆို

ပြီး ဆိတ်ကို လိုက်ဖမ်းတာယ်။ မမိဘဲ ဆိတ် ပျောက်သွားခဲ့တယ်။ အဲဒီအခါ ငါ့ရဲ့ ဥပုသ် မကျိုးသေးပါဘူး။ စောင့်မြဲတိုင်း စောင့်အုံးမှဘဲလို့ ဆိုပြီး ဥပုသ်စောင့်ပြန်တယ်။

ကျွန်တော် ကိုယ်တိုင် လွန်ခဲ့တဲ့ ကမ္ဘာစစ်ကြီးအတွင်းက မိတ်ဆွေ တယောက်ကို တွေ့ခဲ့ဘူးတယ်။ ဒီ မိတ်ဆွေဟာ အိပ်ရာက နိုးတာနဲ့ တပြိုင်နက် ဘုရားရှိခိုးပြီး ငါးပါးသီလ ခံယူတာဘဲ။ ဒါပေမဲ့ ဘုရားခန်း ထဲက ထွက်လာတာနဲ့ တပြိုင်နက် အရက် ငှဲ့သောက်တာဘဲ။ အဲဒီလူ လိုလဲ မဖြစ်စေချင်ဘူး။

ငါးပါးသီလနဲ့ ပတ်သက်ပြီး မြတ်စွာဘုရား ဟောကြား ထားတော်မူတဲ့ ဇာတကပါဠိ တိကနိပါတ် ဂရုဓမ္မ ဇာတ်တော်ထဲက ဘုရား လောင်း ဓနဉ္စယ ကောရဗျမင်း နှင့်တကွ –

၁ – ဘုရင်မင်းမြတ်၏ မယ်တော်၊
၂ – ဘုရင်မင်းမြတ်၏ မိဖုရားကြီး၊
၃ – ညီတော်အိမ်ရှေ့မင်း၊
၄ – ပုရောဟိတ်ပုဏ္ဏား၊
၅ – မြေတိုင်းအမတ်၊
၆ – ရထားထိန်း၊
၇ – သူဌေးကြီး၊
၈ – ပြည်စိုးအမတ်၊
၉ – တံခါးမှူး၊
၁၀ – ပြည့်တန်ဆာမ၊

ဆိုတဲ့ ပုဂ္ဂိုလ် ၁၀ ဦးဟာ ငါးပါးသီလ စောင့်ထိန်းသူတွေ အတုယူဘို့ အင်မတန် ကောင်းတဲ့အတွက် ဒီ ဂရုဓမ္မ ဇာတ်တော်ကို ကျွန်တော် ပြောပြချင်ပါတယ်။

# ဂရုဓမ္မဇာတ်တော်

## ငါးပါးသီလကို စောင့်ထိန်းသည့်အတွက် နိုင်ငံတော်တဝှန်းလုံး ပြည်တော်သာဖြစ်ပုံ၊ ဇာတကပါဠိ တိကနိပါတ်မှ ဘာသာပြန်ဆိုချက်

## ကုရုတိုင်း ဣန္ဒပတ္ထနဂိုရ်မြို့တော်

ရှေးအခါတုန်းက ကုရုတိုင်း ဣန္ဒပတ္ထနဂိုရ်မြို့တော်မှာ ဓနဉ္စယ ကောရဗျမင်း နန်းစံစဉ် ဘုရားလောင်းဟာ ဓနဉ္စယကောရဗျမင်းရဲ့ သားတော် ဖြစ်ပါတယ်။တက္ကသိုလ်မှာအတတ်ပညာများ သွားရောက် သင်ကြားပြီး ပြန်လာတဲ့အခါ အိမ်ရှေ့မင်း ဖြစ်ပါတယ်။ မကြာမီ ဓနဉ္စယကောရဗျမင်း နတ်ရွာစံတဲ့အခါ ဘုရားလောင်း အိမ်ရှေ့မင်းဟာ ရှင်ဘုရင်ဖြစ်ပါတယ်။ ဘုရားလောင်းဟာ ရှင်ဘုရင်ဖြစ်တဲ့အခါ "ဓနဉ္စယကောရဗျ" ဆိုတဲ့ ခမည်းတော်ရဲ့ ဘွဲ့မည်ကိုဘဲ ခံယူပါတယ်။ ဘုရားလောင်းဟာ မင်းကျင့်တရား ၁၀ ပါးနဲ့အညီ အုပ်စိုးပြီး "ဂရုဓမ္မ" တရားကိုဘဲ အထူးစင်ကြယ်စွာ လုံခြုံအောင် စောင့်ထိန်းခဲ့ပါတယ်။

ဂရုဓမ္မတရားဆိုတာကတော့ ငါးပါးသီလဘဲ ဖြစ်ပါတယ်။ အဲဒီအချိန်တုန်းက ငါးပါးသီလကို "ဂရုဓမ္မ" လို့ ခေါ်ပါတယ်။ အဓိပ္ပါယ်ကတော့ အလေးအမြတ်ပြုပြီး စောင့်ရှောက် ထိန်းသိမ်းထိုက်တဲ့ တရား ဖြစ်ပါတယ်။

ဘုရားလောင်း ဓနဉ္စယကောရဗျမင်းရဲ့ နည်းတူ ကုရုတိုင်း ဣန္ဒပတ္ထနဂိုရ်မြို့တော်မှာ အောက်ပါပုဂ္ဂိုလ် ၁၀ ဦးတို့ကလည်း "ဂရုဓမ္မ" ခေါ် ငါးပါးသီလကို စင်ကြယ်စွာ လုံခြုံအောင် စောင့်ရှောက် ထိန်းသိမ်းကြပါတယ်။

အဲဒီပုဂ္ဂိုလ် ၁၀- ဦးကတော့ကျွန်တော်ခုတင်ကပြောခဲ့တဲ့အတိုင်း

(၁) ဘုရင်မင်းမြတ်၏ မယ်တော်၊
(၂) ဘုရင်မင်းမြတ်၏ မိဖုရားကြီး၊
(၃) ညီတော်အိမ်ရှေ့မင်း၊
(၄) ပုရောဟိတ်ပုဏ္ဏား၊
(၅) မြေတိုင်းအမတ်၊
(၆) ရထားထိန်း၊
(၇) သူဌေးကြီး၊
(၈) ပြည်စိုးအမတ်၊
(၉) တံခါးမှူး၊
(၁၀) ပြည့်တန်ဆာမတို့ ဖြစ်ပါတယ်။

အဲဒီအခါတုန်းက ပြည့်တန်ဆာမ ရာထူးဆိုပြီး ရာထူးသီးခြား ရှိပါတယ်။ ဘုရင်မင်းမြတ်က သို့မဟုတ် နိုင်ငံတော် အစိုးရက ခန့်ထား ရပါတယ်။

ဘုရားလောင်း မနုဿယကောရဗျ မင်းဟာ မြို့တော်တံခါး၀ လေး မျက်နှာမှာရင်း၊ မြို့တော်ရဲ့ အလယ်ဗဟိုမှာရင်း၊ နန်းတော် တံခါး၀မှာ ၎င်း အဲဒီ ၆–ဌာနတို့မှာ အလှူတင်းကုပ် ၆–ခု ပြုလုပ်ကာ နေ့စဉ် တနေ့လျှင် ငွေတော်ခြောက်သိန်းဖိုး အလှူဒါန ပြုလုပ်တော်မူပါ တယ်။ ဘုရားလောင်း မနုဿယကောရဗျမင်းဟာ လှူဒါန်းမှုမှာ စေ တနာထက်သန် ရက်ရောတယ်ဆိုတဲ့ သတင်းဟာ ဇမ္ဗူဒီပါတကျွန်းလုံး ပျံ့နှံ့ကျော်စောခဲ့ပါတယ်။

## ကာလိင်္ဂတိုင်း မိုးခေါင်ခြင်း

အဲဒီအချိန်နဲ့ တချိန်ထဲ ကာလိင်္ဂတိုင်း ဒန္တပူရမြို့တော်မှာ ကာလိင်္ဂ မင်း နန်းစံတော်မူတယ်။ ကာလိင်္ဂမင်းရဲ့ တိုင်းပြည်မှာ မိုးမရွာဘူး၊၊

မိုးခေါင်တယ်။ ဒီလိုမိုးခေါင်တဲ့အတွက် ပြည်သူလူထုဟာ ငတ်မွတ်ခေါင်းပါးကြတယ်။ ရောဂါတွေ ဖြစ်ကြတယ်။ ဒီလိုဘေးကြီး ဆိုက်တဲ့အတွက် ပြည်သူလူထု လူအချို့တို့ဟာ သားငယ် သမီးငယ်တွေကိုလက်ဆွဲပြီး တခြားအရပ်ဒေသများသို့ ပြောင်းရွှေ့သွားကြပါတယ်။ အဲဒီ ပြည်သူလူထုတွေ စုရုံးပြီး နန်းတော်တံခါးဝမှာ ကြွေးကြော် ဟစ်အော်ကြတယ်။

ဘုရင်က ဘာကြောင့် ကြွေးကြော် ဟစ်အော်ကြသလဲလို့ မေးတဲ့အခါ မိုးခေါင်ပြီး . ပြည်သူလူထုကြီးတရပ်လုံး ဒုက္ခရောက်နေရတဲ့အကြောင်းကို လူထုက လျှောက်ထားကြတယ်။

အဲဒီလို လျှောက်တဲ့အခါ မိုးရွာအောင် ဘယ်လိုလုပ်ရမလဲ။ ရှေးက ဘုရင်တွေဟာ မိုးမရွာယင် ဘယ်လိုလုပ်ကြသလဲလို့ ရှင်ဘုရင်က ဝန်ကြီးတွေကို မေးတယ်။

ဝန်ကြီးတွေကလဲ ရှေးရှေးက ဘုရင်မင်းမြတ်တွေဟာ မိုးမရွာတဲ့အခါ အလှူပေးခြင်း၊ သီလစောင့်ခြင်း၊ ဥပုသ်ဆောက်တည်ခြင်းတို့ကိုပြုလုပ်ကြပါတယ်။ နောက်ပြီးတော့ ကျက်သရေရှိတဲ့ တိုက်ခန်းမှာမြေဇာမြက်ကို ခင်းပြီး ၇–ရက်တိုင်တိုင် အိပ်ကြပါတယ်။. အဲဒီအခါမိုးရွာပါတယ်လို့ လျှောက်ထားကြတယ်။

ရှင်ဘုရင်လဲ ဝန်ကြီးများ အကြံပေးတဲ့အတိုင်း လုပ်ပါတယ်။ ဒါပေမဲ့ မိုးမရွာဘဲ မိုးခေါင်မြဲတိုင်း ခေါင်ပါတယ်။ အဲဒီအခါ နောက်ထပ် ဘာတွေကို လုပ်ရအုံးမလဲလို့ ရှင်ဘုရင်က ဝန်ကြီးတွေကို မေးပြန်ပါတယ်။

ဝန်ကြီးတွေကလဲ ကုရုတိုင်း ဓနဥ္စယကောရဗျမင်းထံမှာ "အဉ္စနဝဏ္ဏ" မည်တဲ့ မင်္ဂလာဆင်တော် ရှိပါတယ်။ ဒီဆင်တော်ကို ဆောင်ယူတော်မူပါ။ထိုဆင်တော်ရောက်ယင် မိုးရွာပါလိမ့်မယ်ဘုရားလို့လျှောက်ထားကြပြန်တယ်။

ဘုရင်မင်းမြတ်လဲ ပုဏ္ဏားတော် ၈– ယောက်ကို ရွေးချယ်ပြီး ဆင်တော်ကို အလှူခံဘို့ စေလွှတ်တော် မူလိုက်ပါတယ်။ မင်္ဂလာ ဆင်တော် ရောက်ရှိလာတဲ့အခါမှာလဲ မိုးဟာမရွာဘဲ ခေါင်မြဲပင် ခေါင်လျက်ရှိပါတယ်။ ဘုရင်မင်းမြတ်လဲ မိုးရွာအောင် ဘယ်လိုလုပ် ရအုံးမလဲလို့ ဝန်ကြီးများကို တိုင်ပင်တော်မူပြန်ပါတယ်။ မှူးမတ် များကလဲ ဓနဉ္စယကောရဗျမင်းဟာ ဂရုဓမ္မတရား (ငါးပါးသီလ)ကို စောင့်ထိန်းပါတယ်။ အဲဒါကြောင့် သူ့ရဲ့နိုင်ငံဖြစ်တဲ့ ကုရုတိုင်းမှာ လခွဲတကြိမ် ဆယ်ရက်တကြိမ် ဆိုသလို မိုးရွာတယ်လို့ သိရပါတယ်။ မိုးရွာခြင်းမှာ ဓနဉ္စယကောရဗျမင်းရဲ့ အာနုဘော် တန်ခိုးကြောင့် သာ ဖြစ်ပါလိမ့်မယ်။ တိရစ္ဆာန်ဖြစ်တဲ့ ဆင်တော်ကြောင့် ဟုတ်ပုံ မရပါဘူးလို့ သံတော်ဦးတင်ကြပြန်ပါတယ်။ အဲဒီအခါ ဘုရင်မင်းမြတ် က ဒီလိုဆိုယင် သူ့ဆင်တော်ကို သူ့ပြန်ပေးပြီး သူစောင့်ထိန်းတဲ့ ဂရုဓမ္မဆိုတဲ့ တရားကို ရွှေပေလွှာမှာ ရေးကူးယူခဲ့ကြလို့ အမိန့်တော် ချမှတ်လိုက်ပါတယ်။

## ဓနဉ္စယကောရဗျမင်း

အမိန့်တော်အတိုင်း ကာလိင်္ဂဘုရင်ရဲ့ ပုဏ္ဏားတော်များနဲ့ အမတ် များလဲ ဓနဉ္စယကောရဗျမင်းထံသို့ သွားကြပြီး ဂရုဓမ္မတရားကို မိမိတို့ အား ပေးသနားတော်မူရန် သံတော်ဦး တင်ကြပါတယ်။ ဓနဉ္စယ ကောရဗျမင်းက အမတ်ကြီးများ – ငါဟာ ဂရုဓမ္မကို စောင့်ထိန်းတာ တော့ မှန်တယ်။

ဒါပေမဲ့ တကြိမ်တုန်းက ကြတ္တိကာနက္ခတ်ပွဲသဘင်မှာ မြားပစ် တန်း ကစားတော့ ငါပစ်တဲ့မြားတစင်းဟာ ရေကန်ထဲ မတော်တဆ ရောက်သွားတယ်။ ရေကန်ထဲမှာ ငါးတွေရှိတယ်။ ငါးတွေများ ထိ သွားလေသလားလို့ ငါ့မှာ သံသယ ဖြစ်နေတယ်။ ငါ့ရဲ့ မယ်တော်

ဘုရားကတော့ ဂရုဓမ္မကို စင်ကြယ်စွာ စောင့်ထိန်းတော်မူတယ်။ သူ့ဆီမှာ သွားပြီး ကူးယူကြပါလို့ မိန့်တော်မူလိုက်တယ်။

ကာလိင် အမတ်များက ကိုယ်တော်အရှင်မြတ်မှာ သေစေလိုတဲ့ စေတနာ မရှိတဲ့အတွက် ပါဏာတိပါတကံ မဖြစ်နိုင်ပါဘူး ဘုရား၊ ပေးသာ ပေးတော်မူပါလို့ သံတော်ဦးတင်ကြတယ်။

မနုဥ္ဇယကောရဗျမင်းက ဒီလိုဆိုယင် ရေးကူးယူကြပေတော့လို့ အမိန့်ရှိကာ ဂရုဓမ္မ (ငါးပါးသီလ) ကို ချပေး၊ ရေးကူးစေတယ်။ ဒါပေမဲ့ သူ့သီလကို သူ ကောင်းကောင်း စိတ်မချသေးတဲ့အတွက် မယ်တော်ဘုရားဆီကိုလဲ သွားကြဘို့ ညွှန်ကြားလိုက်တယ်။

## ဘုရင်မင်းမြတ်၏မယ်တော်

ကာလိင် အမတ်များလဲ မနုဥ္ဇယကောရဗျ မင်းထံမှ ဂရုဓမ္မကို ကူးယူပြီးနောက် မယ်တော်ဘုရားထံသို့ သွားရောက်ကြတယ်။

မယ်တော်ဘုရားက –

ငါဟာ ဂရုဓမ္မတရားကို စောင့်ထိန်းတာတော့မှန်ပါတယ်။ ဒါပေမဲ့ ငါ့သီလအတွက် ငါကိုယ်တိုင် သံသယ ဖြစ်နေတဲ့ အချက်ကလေး ရှိနေလို့ ငါမပေးချင်ဘူး။ ငါ့သီလကို ငါ မကျေနပ်သေးဘူး။

အဲဒီအချက်ကတော့ ဒီလိုပါ။ မကြာမီက နိုင်ငံခြား ဘုရင်တပါးက သားတော် မနုဥ္ဇယကောရဗျကို တသိန်းတန် စန္ဒကူးနှစ် တခုနဲ့ တထောင်တန် ရွှေပန်းခိုင်တခု လာဆက်တယ်။ အဲဒီနှစ်မျိုးလုံးကို သားတော်က မယ်တော်ကို ပူဇော်တယ်။ ငါလဲဘဲ နံ့သာလိမ်းခြင်း၊ ပန်းပန်ခြင်းကို မပြုလိုတော့တဲ့အတွက် ချွေးမတော် နှစ်ယောက်ကို ပေးရန်စီမံတယ်။

ချွေးမတော် ၂ – ယောက်အနက် တယောက်ကဘုရင်မင်းမြတ်ရဲ့ မိဖုရားကြီး၊ တယောက်က အိမ်ရှေ့မင်းရဲ့ မိဖုရား ဖြစ်တယ်။ ဘုရင့်

မိဖုရားကြီးဆိုတာ ဘုန်းကြီးတယ် လာဘ်သပ်ပကာ ပေါများတယ်။ ဒါကြောင့် သူ့ကို တထောင်တန် ရွှေပန်းခိုင်ပေးမယ်။ အိမ်ရှေ့မင်း မိဖုရားဆိုတာ ဘုရင့်မိဖုရားကြီးလောက် ဘုန်းကံမကြီးဘူး။ ဒါကြောင့် သူ့ကို တသိန်းတန် စန္ဒကူးနှစ်ပေးမယ်ဆိုပြီး သည်အတိုင်း ဆုံးဖြတ်ပေးလိုက်မိတယ်။ ပေးပြီးတော့ကာ စိတ်မကောင်း ဖြစ်သွားတယ်။

ဖြစ်ပုံက ဒီလိုပါ။ သူတို့ ဘုန်းကြီးတာ ဘုန်းနည်းတာဟာ ငါနဲ့ မဆိုင်ဘူး။ တကယ်ဆိုယင် ဂုဏဝုဒ္ဓိ ဝယဝုဒ္ဓိအလိုက် ဂုဏ်အားဖြင့် ကြီးသောသူ အရွယ်အားဖြင့် ကြီးသောသူကိုသာ ငါဦးစားပေးဖို့ အစဉ်အလာရှိတယ်။ အဲဒီလိုတွေးမိပြီး ငါ့ ဂရုဓမ္မ ပျက်သွားလေမလား လို့ သံသယ ဖြစ်မိတယ်။

ဒါကြောင့် ငါစောင့်ထိန်းတဲ့ ဂရုဓမ္မကို မပေးချင်ဘူး။ ချွေးမတော် ဖြစ်တဲ့ ဘုရင့်မိဖုရားကြီးကတော့ ဂရုဓမ္မကို စင်ကြယ်စွာ လုံခြုံအောင် စောင့်ရှောက်တယ်။ သူ့ဆီမှာ သွားပြီး ယူကြပါလို့ အမိန့်ရှိလိုက်တယ်။

ကာလိင်္ဂ အမတ်များကလဲ မယ်တော်ဘုရား – မိမိပိုင် ပစ္စည်းကို မိမိထင်သလို ပေးနိုင်ခွင့်ရှိပါတယ်။ ဒီမျှလောက်ကလေးကိုပင် သံသယ ဖြစ်နေယင် တခြားအကုသိုလ်မျိုးကို ဘယ်တော့မှ မယ်တော်ဘုရား ပြုကျင့်တော့မှာ မဟုတ်ပါဘူး။ အဲဒါကြောင့် ပေးသာပေးတော်မူပါလို့ ပြန်ပြီး သံတော်ဦးတင်ကြတယ်။

ဘုရင့်မယ်တော်လဲ ဂရုဓမ္မကို ရေးကူးခွင့်ပြုပြီး ချွေးမတော် မိဖုရားကြီးဆီကိုလဲ သွားကြဘို့ ညွှန်ကြားလိုက်တယ်။

## ဘုရင်မင်းမြတ်၏ မိဖုရားကြီး

ကာလိင်္ဂ အမတ်များလဲ ဘုရင့်မိဖုရားကြီးထံ သွားရောက်ကာ ဂရုဓမ္မကို ပေးသနားရန် သံတော်ဦး တင်ကြပြန်တယ်။ မိဖုရားကြီး

ကလဲ ငါဟာ ဂရုဓမ္မကိုတော့ စောင့်ထိန်းပါတယ်။ ဒါပေမဲ့ အခုတော့ ငါ့သီလကို ငါမကျေနပ်တော့ဘူး။

တကြိမ်တုန်းက မောင်တော် ဘုရင်မင်းမြတ်ဟာ ညီတော် အိမ်ရှေ့မင်းနဲ့အတူ ဆင်တော်စီးပြီး မြို့တော်ကို လှည့်လည် ကြည့်ရှုတော်မူတယ်။ ဒီအခါမှာ ငါက လေသာတော် ပြတင်းက ရှုစားတော်မူနေတယ်။ ဒီလိုရှုစားတဲ့အခါ ရုတ်တရက် မတ်တော်ဖြစ်တဲ့ အိမ်ရှေ့မင်းကို မျက်စိကျပြီး သူနဲ့ငါနဲ့များ ပေါင်းဖော်နေထိုင်ရယင် ဘယ်လောက်ကောင်းမလဲ။ သူရှင်ဘုရင်ဖြစ်တဲ့အခါ ငါ့ကို ယူမယ်ဆိုယင် အင်မတန်ဟန်ကျမှာဘဲလို့ တွေးမိတယ်။ နောက်တော့မှ ငါဟာ ဂရုဓမ္မကို စောင့်ထိန်းနေပြီး ဒီလို ကာမပိုင် လင်ရှိရက်နဲ့ ယောကျ်ားတပါးကို မစဉ်းစားထိုက်ဘူးလို့ သတိရတယ်။ အဲဒီအတွက် ဂရုဓမ္မများ ပျက်သွားလေမလားလို့ သံသယ ဖြစ်မိတယ်။

ဒါကြောင့် ငါ့ရဲ့ ဂရုဓမ္မကို မပေးလိုဘူး။ မတ်တော် အိမ်ရှေ့မင်းကတော့ ဂရုဓမ္မကို စင်ကြယ်စွာ လုံခြုံအောင် စောင့်ထိန်းနိုင်တယ်။ သူ့ဆီ သွားယူကြပါလို့ အမိန့်တော်ရှိတယ်။

ကာလိင်္ဂအမတ်များကလဲ မိစ္ဆာစာရဆိုတာ စိတ်က ကြံစည်ရုံနှင့် မဖြစ်နိုင်ပါ။ ဒီမျှလောက်ကလေးကိုပင် သံသယ ဖြစ်နေယင် အခြားအကုသိုလ်ကို ခေါင်ဘုရား ဘယ်မှာ ကျူးလွန်တော့မှာလဲ သီလမပျက်နိုင်ပါဘူး၊ ပေးသာပေးတော်မူပါလို့ လျှောက်ထားကြတယ်။

မိဖုရားကြီးက ဒီလိုဆိုယင် ရေးကြပေတော့။ ဒါပေမဲ့ မတ်တော် အိမ်ရှေ့မင်း ဆီတော့ သွားကြပါအုံး။ သူကတော့ ဂရုဓမ္မကို စင်ကြယ်စွာ လုံခြုံအောင် စောင့်ထိန်းနေတယ်လို့ အမိန့်တော်ရှိတယ်။

## ညီတော်အိမ်ရှေ့မင်း

ကာလိင်္ဂ အမတ်များလဲ မိဖုရားကြီးထံမှ ဂရုဓမ္မကို ကူးယူပြီး

နောက် အိမ်ရှေ့မင်းထံသို့ သွားရောက်ခစားကာ ဂရုဓမ္မကို ပေးသနားရန် လျှောက်ထားကြပြန်ပါတယ်။ အိမ်ရှေ့မင်းကလဲ ငါဟာ ဂရုဓမ္မကိုတော့ စောင့်ထိန်းပါတယ်။ ဒါပေမဲ့ အခုတော့ ငါ့မှာ သံသယဖြစ်ဖို့ အချက်ရှိနေလို့ မပေးလိုဘူး။

ငါ့မှာ အထိမ်းအမှတ် တခု ပြုလုပ်ထားတာရှိတယ်။ ညညီလာခံ အတွက် နောင်တော်ဘုရင်မင်းမြတ်ထံ ခစားဘို့ နန်းတော်ကိုသွားတဲ့ အခါတိုင်း ရထားနဲ့သာ သွားလေ့ရှိတယ်။ ဒီလို သွားတဲ့အခါ နန်းတော်ပေါ်မှာ စားတော်ခေါ်ပြီး နန်းတော်ပေါ်မှာပင် စက်တော်ခေါ်မယ်လို့ ကြံစည်ယင် ကြိုးနဲ့ နှင်တံကို ရထားဦးမှာ ချိတ်ထားခဲ့တယ်။

အဲဒီ အထိမ်းအမှတ်ကို ကြည့်ပြီး နောက်လိုက် နောက်ပါ ဗိုလ်ပါပရိသတ်က ပြန်သွားကြတယ်။ နောက်တနေ့ နံနက်မှ နန်းတော်မုတ်ဝက နေပြီး ငါ့ကို စောင့်ကြိုနေကြတယ်။ ရထားထိန်းကလဲ ရထားကိုပြန်ယူသွားပြီး နောက်တနေ့ နံနက်မှ နန်းတော်မုတ်ဝက ရထားနဲ့စောင့်ကြိုနေလေ့ရှိတယ်။

တကယ်လို့ နန်းတော်ပေါ်မှာ စားတော်ခေါ်ခြင်း စက်တော်ခေါ်ခြင်း မပြုဘဲ ချက်ချင်း ပြန်လာမယ်ဆိုယင် ကြိုးနဲ့ နှင်တံကို ရထားဦးမှာ မထားဘဲ ရထားအတွင်းမှာ ထားခဲ့တယ်။ အဲဒီအထိမ်းအမှတ်ကို ကြည့်ပြီး နောက်လိုက်နောက်ပါ ဗိုလ်ပါပရိသတ်က ငါ ချက်ချင်းပြန်လာလိမ့်မယ်ဆိုတာ သိပြီး ပြန်မသွားကြဘဲ နန်းတော်မုတ်ငမှာဘဲစောင့်မျှော်နေလေ့ရှိကြတယ်။

တနေ့မှာတော့ ညညီလာခံ ရထားနဲ့ အသွားချက်ချင်း ပြန်လာရန်ကြံရွယ်ချက်ရှိလို့ ကြိုးနဲ့ နှင်တံကို ရထားအတွင်းမှာ ထားခဲ့တယ်။ ငါနန်းတော်ထဲ ဝင်ဒါနဲ့ တပြိုင်နက် မိုးကြီးရွာချတယ်။ နောင်တော်ဘုရင် မင်းမြတ်က မိုးရွာတဲ့အတွက် နန်းတော်ပေါ်မှာ စားတော်

ခေါ်ပြီး နန်းတော်ပေါ်မှာပင် စက်တော်ခေါ်ဘို့ရာ အမိန့်ရှိတယ်။ အဲဒါနဲ့ နောင်တော် ဘုရင်မင်းမြတ် အမိန့်တော်အတိုင်း နေလိုက်မိတယ်။

နံနက်လင်းလို့ နန်းတော်ပေါ်ကဆင်းလာတော့ နန်းတော်မုတ်ဝမှာ တညလုံး မိုးရွာကြီးထဲ စိုစိုစွတ်စွတ်နဲ့ ငါ့ကို စောင့်မျှော်နေကြတဲ့ နောက်လိုက် နောက်ပါ ဗိုလ်ပါပရိသတ်ကို တွေ့ရတယ်။

ဒီအခါမှာ ငါဟာ ဂရုမ္မကို စောင့်ထိန်းနေတဲ့ ပုဂ္ဂိုလ်ဖြစ်လျက်နဲ့ ဒီလို လူအများကို ငါ့အတွက် မိုးရွာထဲမှာပင်ပန်းအောင် ပြုမူမိတယ်။ ဒီအတွက် ငါ့သီလ ပျက်များသွားလေမလားလို့ သံသယဖြစ်မိတယ်။ ဒါကြောင့် သင်တို့ကို မပေးလိုဘူးလို့အမိန့်တော်ရှိတယ်။

ကာလိင်္ဂ အမတ်များက ကိုယ်တော်အရှင်မြတ်မှာ သူတို့တတွေ ပင်ပန်းစေလိုတဲ့ စိတ်မှ မရှိဘဲဘုရား၊ စိတ်စေတနာ မရှိတဲ့ အမှုဟာ အပြစ်မရှိနိုင်ပါဘူး။ ဒီမျှလောက်ကလေးကိုပင် သံသယဖြစ်နေယင် ကိုယ်တော်အရှင်မြတ်ဟာ ဘယ်သိက္ခာပုဒ်ကိုမှ ကျူးလွန်တော့မှာ မဟုတ်ပါဘူး။ ပေးသာပေးတော်မူပါ။ ရေးကူး ယူပါရစေ ဘုရားလို့ လျှောက်ထားကြတယ်။

အိမ်ရှေ့မင်းက ဒီလိုဆိုယင်ဖြင့် ကူးယူကြပေတော့။ ငါတော့ ကျေနပ်ခြင်း မရှိလှသေးဘူး။ ပုရောဟိတ်ကြီးကတော့ ဂရုမ္မကို ကောင်းမွန်စွာ စောင့်ထိန်းနိုင်တယ်။ သူ့ဆီကိုလဲ သွားလိုက်ကြပါ အုံးလို့ ညွှန်ကြားလိုက်တယ်။

## ပုရောဟိတ်ပုဏ္ဏား

ကာလိင်္ဂ အမတ်များဟာ အိမ်ရှေ့မင်းထံမှ ဂရုမ္မကို ကူးယူပြီး နောက် ပုရောဟိတ်ပုဏ္ဏားကြီးထံ သွားရောက်ကာ ဂရုမ္မကို ပေး သနားဘို့ တောင်းပန်ကြတယ်။ ပုရောဟိတ်ပုဏ္ဏားကြီးကလဲ ငါဟာ

ဂရုဓမ္မကိုတော့ စောင့်ထိန်းပါတယ်။ ဒါပေမဲ့ အခုတော့ သံသယ ဖြစ်စရာ အချက်ရှိနေလို့ ကိုယ့်သီလ ကိုယ်မကျေနပ်ဘူး။

တကြိမ်တုန်းက ဘုရင်မင်းမြတ်ထံ အခစားသွားတော့ လမ်းမှာ နိုင်ငံခြားက သံတမန်တွေဟာ ထွက်ခါစ နေလုလင် အရောင်လို တောက်ပနေတဲ့ ရထားတစီးကို ယူဆောင်လာတာ တွေ့ရတယ်။ အဲဒီအခါ ရထားက ဘယ်သူ့ရဲ့ ရထားလဲ။ ဘယ်ကို ယူသွားမှာလဲလို့ မေးမိတယ်။ သည်အခါမှာ နိုင်ငံခြား သံတမန်တွေက သူတို့ရဲ့ တိုင်းပြည်ကဘုရင်မင်းမြတ်က လွှတ်လိုက်လို့ နေဥယျကောရဗျမင်းဆီ ဆက်သရအောင် ယူဆောင်လာတဲ့ရထား ဖြစ်ကြောင်း ပြောပြကြတယ်။

သည်လိုပြောပြသံ ကြားတော့ ငါ့စိတ်ထဲမှာ ငါဟာ အရွယ်ကြီးပြီ။ဘုရင်မင်းမြတ်ကများ ဒီရထားကို ငါ့အား ပေးသနားလိုက်မယ်ဆိုယင် သိပ်ဟန်ကျမှာဘဲ။ ချမ်းချမ်းသာသာနဲ့ ရထားကောင်းစီးပြီး လှည့်လည်သွားလာနေရယင် ကောင်းလေစွလို့ ကြံစည်ကြည့်မိတယ်။ ငါဟာ နန်းတော်ပေါ် ရောက်လို့ ဘုရင်မင်းမြတ် ရှေ့တော် ခစားမိတာနဲ့ တပြိုင်နက် နိုင်ငံခြား သံတမန်တွေ ရောက်လာပြီး ရထားကို ဆက်ကြတာဘဲ။

ဒီအခါမှာ ဘုရင်မင်းမြတ်က ရထားက သိပ်ကောင်း တာဘဲ ဆရာနဲ့တော်တယ်။ ဆရာ့ကို ပေးလိုက်ကြလို့ အမိန့်တော်ရှိတယ်။ ငါက မယူပါရစေနဲ့လို့ဆိုပြီး အကြိမ်ကြိမ် ငြင်းပယ်ခဲ့ပါတယ်။ ငါဟာ ဂရုဓမ္မကို စောင့်ထိန်းနေသူဖြစ်ပါလျက်နဲ့ သူတပါးရဲ့ပစ္စည်းကိုလောဘ ရမက် တပ်မက်ပြီး ကြံစည်မိတယ်။ သည်လို ကြံစည်မိတဲ့အတွက် ငါ့သီလများ ပျက်သွားလေမလားလို့ သံသယ ဖြစ်နေတယ်။

ဒါကြောင့် အမတ်မင်းများကို ငါ သီလ မပေးလိုဘူး။ မြေတိုင်းအမတ်ကတော့ ဂရုဓမ္မကို ကောင်းမွန်စင်ကြယ်စွာ လုံခြုံအောင် စောင့်ထိန်းနိုင်တယ်။ သူ့ဆီ သွားယူကြပါလို့ ပြောပြတယ်။

ကာလိင်္ဂအမတ်များက လောဘ ဖြစ်ကာမျှနဲ့ သီလ မပျက်နိုင်ပါဘူး။ ဒီမျှလောက် ကလေးနဲ့ သံသယ ဖြစ်နေယင် အရှင်ပုရောဟိတ်ဟာ ဘယ်အပြစ်ကိုမျှ ကျူးလွန်တော့မှာ မဟုတ်ပါဘူး။ ပေးသာပေးတော်မူပါ။ ရေးကူးယူပါရစေလို့ ပြောကြတယ်။

ပုရောဟိတ်ကလဲ ဒီလိုဆိုယင် ရေးယူကြပေတော့။ ဒါပေမဲ့ မြေတိုင်း အမတ်ဆီတော့ သွားကြပါဦး။ သူကတော့ တကယ် စင်ကြယ်စွာ လုံခြုံအောင် စောင့်ထိန်းနေပါတယ်လို့ ညွှန်ကြားလိုက်ပြန်တယ်။

ကာလိင်္ဂ အမတ်များလဲ ပုရောဟိတ်ထံမှ ဂရုဓမ္မကို ကူးယူပြီးနောက် မြေတိုင်းအမတ်ထံ သွားရောက်ကာ ဂရုဓမ္မကို တောင်းယူကြပြန်တယ်။

## မြေတိုင်းအမတ်

မြေတိုင်းအမတ်ကလဲ ငါဟာ ဂရုဓမ္မကို စောင့်ထိန်းတာတော့ မှန်ပါတယ်။ ဒါပေမဲ့ အခုတော့ သံသယ ဖြစ်ဖို့အချက် တွေ့နေလို့ ကိုယ့်သီလ ကိုယ် မကျေနပ်ဘူး။

တကြိမ်တုန်းက ဇနပုဒ်တခုသွားပြီး သူကြွယ်တဦးရဲ့ လယ်မြေကို ကြိုးတိုင်းရတယ်။ ကြိုးတိုင်းရပုံက ကြိုးကို လှံတံမှာ ရစ်ပတ် ဖွဲ့စည်းပြီး တဖက်စွန်းကို လယ်ရှင်ကို အကိုင်ခိုင်းတယ်။ တဖက်စွန်းကို ငါက ကိုင်တယ်။ ငါကိုင်တဲ့ကြိုးနဲ့ ရစ်ပတ်ထားတဲ့ လှံတံ အစွန်းဟာ တခုသော ပုစွန်လုံးတွင်းဝကို ရောက်နေတယ်။

ဒီအခါမှာ လှံတံကို စိုက်ထားဘို့ နေရာအတွက် အရေးကြီးလာတယ်။ ပုစွန်လုံး တွင်းဝဟာ လှံတံကို စိုက်ထားမဲ့နေရာအတွက် တည့်မတ်ဆုံးဘဲ။ ဒီလို စိုက်လိုက်လို့ တွင်းထဲမှာ ပုစွန်လုံး ရှိနေမယ်ဆိုယင် ပုစွန်လုံးသေသွားမယ်။ တကယ်လို့ ပုစွန်လုံးတွင်းရဲ့ဟိုဘက်မှာလှံတံကို

စိုက်လိုက်မယ်ဆိုယင်ဘုရင်မင်းမြတ်ရဲ့ ပစ္စည်း နစ်နာပျက်စီးသွားမယ်။ ပုစွန်လုံးတွင်းရဲ့ ဒီဘက်မှာ လှံတံကို စိုက်လိုက်မယ်ဆိုယင် လယ်ရှင်ရဲ့ပစ္စည်းနစ်နာပျက်စီးသွားမယ်။ အဲသည်လို အကျဉ်းအကြပ်ကြုံနေတော့ ဘယ်လိုလုပ်ရပါ့မလဲလို့ စိတ်ကူးထုတ်ရတယ်။ သည်အခါမှာ အကြံတခု ရလာတယ်။ တွင်းထဲမှာ ပုစွန်လုံး ရှိမယ်မထင်ဘူး။ တကယ်လို့ ပုစွန်လုံး ရှိမယ်ဆိုယင် ထင်ရှားရမယ်။ ထွက်လာရမယ်။ ဒါ့ကြောင့် ဒီပုစွန်လုံးတွင်းထိပ်ဝမှာဘဲ လှံတံကို စိုက်မယ်ဆိုပြီး စိုက်လိုက်တော့တွင်းထဲက ပုစွန်လုံးရဲ့မြည်သံ ထွက်လာတယ်။

အဲဒီလို မြည်သံကြားရတော့ ငါ့စိတ်မှာ ငါရဲ့လှံတံဟာ ပုစွန်လုံးရဲ့ ကျောပေါ် ကျသွားတယ်ထင်တယ်။ ပုစွန်လုံးသေတယ်ထင်လို့ စိတ်မကောင်းဖြစ်မိတယ်။ ငါဟာ ဂရုဓမ္မကိုစောင့်ထိန်းနေသူဖြစ်လို့ ဒီလိုဖြစ်မိတဲ့အတွက် ငါ့သီလ ပျက်သွားလေမလားလို့ သံသယဖြစ်သွားတယ်။

သည့်အတွက် ငါဟာ ဂရုဓမ္မကို အမတ်မင်းများအား မပေးလိုဘူး။ ရထားထိန်းဆီမှာ သွားယူကြပါ။ သူကတော့ ဂရုဓမ္မကို ကောင်းမွန် စင်ကြယ်စွာ လုံခြုံအောင် စောင့်ထိန်းနိုင်ပါတယ်လို့ ပြောပြီး ညွှန်ကြားလိုက်ပြန်တယ်။

ကာလိင်္ဂ အမတ်များက အမတ်မင်းမှာ ပုစွန်လုံး သေစေလိုတဲ့ စိတ်မှမရှိဘဲ စိတ်စေတနာ မပါတဲ့အမှုဟာ ကံမမြောက်နိုင်ပါဘူး။ ဒီမျှလောက်ကလေးကို သံသယဖြစ်နေယင် အမတ်မင်းဟာ ဘယ်လို အပြစ်မျိုးမှ ကျူးလွန်တော့မှာ မဟုတ်တော့ပါဘူး။ ပေးသာ ပေးပါ။ ရေးကူးယူပါရစေလို့ ရှင်းပြကြတယ်။

မြေတိုင်းအမတ်လဲ ဒီလိုဆိုယင် ကူးယူကြပါ။ ဒါပေမဲ့ ငါ့သီလကိုတော့ ငါ မကျေနပ်လှဘူး။ ရထားထိန်းဆီတော့ သွားကြပါဦး။ သူက ဂရုဓမ္မကို စင်ကြယ်စွာ လုံခြုံအောင် စောင့်ထိန်းနိုင်ပါတယ်လို့ ညွှန်ကြားလိုက်ပြန်တယ်။

ကာလိဂ် အမတ်များဟာ မြေတိုင်းအမတ်ထံမှ ဂရုဓမ္မကို ကူးယူကြပြီးနောက် ရထားထိန်းထံ သွားရောက်ကာ ဂရုဓမ္မကို တောင်းကြ ပြန်တယ်။

## ရထားထိန်း

ရထားထိန်းကလဲ ငါဟာ ဂရုဓမ္မကို စောင့်ထိန်းတာတော့ ဟုတ်ပါရဲ့။ ဒါပေမဲ့ ကိုယ့်သီလ ကိုယ် မကျေနပ်စရာ အချက် တွေ့နေလို့ သံသယ ဖြစ်မိတယ်။

ငါ မောင်းရတဲ့ ရထားက သိန္ဓောမြင်းတွေဟာ သေသေချာချာ သင်ကြားထားလို့ အင်မတန် လိမ္မာတယ်။ အချက်အလက်သိတယ်။

တကြိမ်က ဘုရင်မင်းမြတ် ဥယျာဉ်တော် ကစားရအောင်ရထားနဲ့ ထွက်တော်မူတယ်။ တနေ့လုံးဥယျာဉ်ကစားပြီးညနေစောင်းကျတော့ ရွှေမြို့တော် ပြန်လာခဲ့တယ်။ရွှေမြို့တော်မရောက်မီ နေဝင်သွားတယ်။

ဒီအခါမှာ မိုးရွာမယ်လို့ ကောင်းကင်တခုလုံး နေမှောင်ပြီး မိုးသားတွေ တက်ကြွလာတယ်။ မိုးရွာလာယင် ဘုရင်မင်းမြတ်ကို မိုးစိုတော့မှာဘဲဆိုပြီး စိုးရိမ်မိဒါနဲ့ ငါက သိန္ဓောမြင်းတွေကို နှင်တံနဲ့ တို့ပြီး အမှတ်ပေးလိုက်တယ်။ အမှတ်ပေးလိုက်တာနဲ့တပြိုင်နက် သိန္ဓောမြင်းတွေဟာ တခါတည်း ကဆုံချစိုင်းတာဘဲ။

အဲဒီက နောက်ကိုဥယျာဉ်တော် သွားတဲ့အခါဖြစ်စေ၊ ဥယျာဉ်တော်က ပြန်လာတဲ့အခါဖြစ်စေ ဒီနေရာကို ရောက်တိုင်း ရောက်တိုင်း သိန္ဓော မြင်းတွေဟာကဆုံချ စိုင်းလေ့ရှိတယ်။ သိန္ဓောမြင်းတွေရဲ့စိတ်ထဲမှာ ဒီနေရာဟာဘေးရန်အန္တရာယ် ရှိတဲ့ နေရာမို့သာ ရထားထိန်းက တို့ကို နှင်တံနဲ့ အမှတ်သညာပေးတာဘဲလို့ စွဲထားပုံရတယ်။ အဲဒီအတွက် ငါစိတ်မကောင်း ဖြစ်သွားတယ်။

ဘုရင်မင်းမြတ် မိုးစိုသည်ဖြစ်စေ၊ မိုးမစိုသည် ဖြစ်စေ ငါ့အတွက်

အပြစ်မရှိပါဘူး။ အရာမဟုတ်တဲ့ နေရာမှာရေးကြီး ခွင့်ကျယ်လုပ်ပြီး အင်မတန် လိမ်မာအောင် သင်ကြားထားတဲ့ သိန္ဓောမြင်းတွေကို နှင်တံနဲ့တို့ပြီး အမှတ်သညာ ပေးမိတယ်။

ဒီလို ပေးမိလို့ သူတို့မှာ ဒီနေရာရောက်တိုင်း ကဆုံစိုင်းပြီး ပင်ပန်းကြရတယ်။ ငါဟာ ဂရုဓမ္မကို စောင့်ထိန်းနေသူမို့ ဒီလို ပြုမူမိတဲ့အတွက် ငါ့သီလများ ပျက်သွားလေသလားလို့ သံသယဖြစ်မိတယ်။

ဒါကြောင့် အမတ်မင်းများအား ငါ့ရဲ့ ဂရုဓမ္မကို မပေးလိုဘူး။ သူဌေးကြီးကတော့ ဂရုဓမ္မကို ကောင်းမွန်စင်ကြယ်စွာ စောင့်ထိန်းနိုင်ပါတယ်။ သူဌေးကြီးဆီ သွားယူ စေချင်ပါတယ်လို့ ပြောပြတယ်။

ကာလိင်္ဂ အမတ်များက သိန္ဓောမြင်းတွေ ပင်ပန်းစေလိုတဲ့ စိတ်မျိုးနဲ့ နှင်တံ အမှတ်ပေးတာမှ မဟုတ်ဘဲ။ စိတ် စေတနာမပါတဲ့အမှုဟာ ကံမမြောက်နိုင်ပါဘူး။ ဒီမျှလောက်ကလေးနဲ့ သံသယဖြစ်နေယင် အသင်ရထားထိန်းဟာ ဘယ်လိုအပြစ်မျိုးမှ ကျူးလွန်တော့မှာ မဟုတ်ပါဘူး။ ပေးသာပေးပါ။ ရေးကူးယူပါရစေလို့ ပြန်ပြောတယ်။

ရထားထိန်းက ဒီလိုဆိုယင်ဖြင့် ရေးယူကြပါ။ ငါ့ရဲ့အနေနဲ့ ကတော့ မကျေနပ်လှဘူး။ သူဌေးကြီးဆီတော့ သွားစေချင် ပါသေးတယ်။ သူက ဂရုဓမ္မကို စင်ကြယ်စွာ လုံခြုံအောင် စောင့်ထိန်းနေသူမို့ သူ့ဆီကိုလဲ သွားကြစေချင်ပါတယ်လို့ ညွှန်ကြားလိုက်ပြန်တယ်။

## သူဌေးကြီး

ကာလိင်္ဂ အမတ်များဟာ ရထားထိန်းထံမှ ဂရုဓမ္မကို ကူးယူပြီးနောက် သူဌေးကြီးထံသို့ သွားရောက်ကာ ဂရုဓမ္မကို တောင်းကြပြန်တယ်။ သူဌေးကြီးကလဲ ငါဟာ ဂရုဓမ္မကိုတော့ စောင့်ထိန်းပါတယ်။ ဒါပေမဲ့ ငါ့မှာ သံသယဖြစ်စရာ အချက်တခုကို ကြုံတွေ့နေရလို့ မပေးလိုဘူး။

တကြိမ်တုန်းက ငါပိုင်တဲ့ သလေးစပါး စိုက်ထားရာ လယ်တော သွားပြီး အိမ်ပြန်မယ်လုပ်တော့ တစုံတရာ မဆင်ခြင်မိဘဲ ကောက်နှံ ပန်းကို ပန်ဆင်လိုတာနဲ့ သလေးနှံ တဆုပ်ကို ယူခဲ့ပြီး ဦးသျှောင်မှာ ပန်ဆင်လာခဲ့တယ်။ နောက်တော့မှ ဒီလယ်ထဲက ထွက်တဲ့ စပါးတွေ ကို ဘုရင်မင်းမြတ်အတွက် အခွန်တော်ပေးဘို့ရှိတာ မပေးရသေး ဘဲနဲ့ သလေးနှံတဆုပ်ကို ငါယူခဲ့မိတယ်လို့ သတိရတယ်။ ငါဟာ ဂရု ဓမ္မကို စောင့်ထိန်းနေသူဖြစ်လို့ ဒီလို ယူမိတဲ့အတွက် ငါ့သီလများ ပျက်သွားလေမလားလို့ သံသယဖြစ်မိတယ်။

ဒါကြောင့် အမတ်မင်းများကို ငါ့ရဲ့ ဂရုဓမ္မ မပေးလိုဘူး။ ပြည်စိုး အမတ်ကတော့ ဂရုဓမ္မကို ကောင်းမွန်စွာ စောင့်ထိန်းနိုင်တယ်။ သူ့ ဆီ သွားယူကြပါလို့ ပြောပြတယ်။

ကာလိင်္ဂ အမတ်များက သူဌေးမင်းမှာ ခိုးလိုတဲ့စိတ်မှ မရှိဘဲ အပြစ်မရှိပါဘူး။ အဒိန္နာဒါနကံ ဆိုတာ ခိုးလိုသောစိတ်ရှိမှ ဖြစ်နိုင် ပါတယ်။ ဒီမျှလောက်ကလေးကို သံသယဖြစ်နေယင် သူတပါးပစ္စည်း ကို ဘယ်တော့မှ သူဌေးမင်း ယူတော့မှာ မဟုတ်ပါဘူး။ အဲတာ ကြောင့် သူဌေးမင်းရဲ့ ဂရုဓမ္မကို ပေးသာပေးတော်မူပါ။ ရေးကူးယူ ပါရစေလို့ ပြန်ပြီး ပြောကြတယ်။

သူဌေးကြီးက ဒီလိုဆိုယင်ဖြင့် ကူးယူကြပေတော့။ ဒါပေမဲ့ ပြည်စိုးအမတ်ဆီတော့ သွားဖြစ်အောင် သွားစေချင်ပါသေးတယ်။ သူက ဂရုဓမ္မကို ကောင်းမွန် စင်ကြယ်စွာ လုံခြုံအောင် စောင့်ထိန်း နိုင်သူ ဖြစ်ပါတယ်လို့ ညွှန်ကြားလိုက်ပြန်တယ်။

## ပြည်စိုးအမတ်

"ပြည်စိုးအမတ်" ဆိုတာ ဆန်ခြင်တဲ့ ပြည်တောင်းကို အုပ်ချုပ် ရတဲ့ အမတ်ဖြစ်တယ်။ အချို့ ရှေးနိဿယတို့မှာ တင်းခြင်အမတ်

လို့လဲရေးထားတယ်။ မြန်မာရာဇဝင် ကုန်းဘောင်ခေတ်မှာ "ကျီဝန်" ခေါ်တဲ့အမတ်နဲ့ သဘောသွားတူတယ်။ ပုဂံခေတ်မှာ "ပြည်စိုး" အမတ်လို့ ဝေါဟာရရှိတာကို တွေ့ရတယ်။ ဒါပေမဲ့ အဲဒီပုဂံခေတ်က ပြည်စိုးအမတ်ဟာ မြို့ရွာအုပ်ချုပ်ရေးမှာပါဝင်ရသူဖြစ်ပြီး အခု ပြည်စိုး အမတ်မျိုး မဟုတ်ဘူး။

ကာလိင် အမတ်များလဲ သူဌေးကြီးဆီက ဂရုမမှုကို ကူးယူပြီး နောက် ပြည်စိုး အမတ်ထံသွားကာ တောင်းယူကြပြန်တယ်။ ပြည်စိုး အမတ်ကလဲ ငါဟာ ဂရုမမှုကို စောင့်ထိန်းရာတော့ မှန်ပါတယ်။ ဒါပေမဲ့ အခုတော့ သံသယဖြစ်စရာ အချက်ရှိနေလို့ ကိုယ့်သီလ ကိုယ် မကျေနပ်ဘူး။

တကြိမ်တုန်းက စပါးကျီ တံခါးဝမှာ ထိုင်ပြီး ဘုရင်မင်းမြတ်ရဲ့ အဖို့ အစုဖြစ်တဲ့ စပါးကို ရေတွက် ခြင်တွယ်စေတယ်။ ဒီလို ရေတွက် ခြင်တွယ်တဲ့အခါမှာ မရေတွက် မခြင်တွယ်ရသေးတဲ့ ကောက်ပုံထဲက ကောက်တို့ကိုယူပြီး ကရို့ အဖြစ်နဲ့ အသုံးပြုတယ်။

အဲဒီလို လုပ်နေတုန်း မိုးရွာလာတယ်။ ဒီအခါမှာ ကရို့ အတွက် အသုံးပြုထားတဲ့ ကောက်တွေကို ဘုရင်မင်းမြတ်အတွက် ခြင်တွယ်ပြီး ဖြစ်တဲ့ ကောက်ပုံထဲကို ထည့်လိုက်မိတယ်။ သည်လို ထည့်လိုက်ပြီး အ လျင်အမြန် မိုးခိုရအောင် ကျီထဲဝင်နေလိုက်တယ်။

အဲဒီအချိန်မှာ စဉ်းစားကြည့်မိတယ်။ ကရို့ ချိုးတဲ့ကောက်တွေကို ဘုရင်မင်းမြတ်ရဲ့ ကောက်ပုံထဲ ထည့်မိလေသလား၊ သို့တည်းမဟုတ် မရေတွက် မခြင်တွယ်ရသေးတဲ့ ကောက်ပုံထဲကိုဘဲ ပြန်ထည့်မိလေသ လား။ အကယ်၍ ကရို့ ချိုးတဲ့ကောက်တွေကိုဘုရင်မင်းမြတ်ရဲ့ကောက် ပုံထဲ ထည့်မိအံ့။ ဘုရင်မင်းမြတ်ရဲ့ ဘဏ္ဍာတော်ကို မတရားသဖြင့် တိုး ပွါးအောင် လုပ်ရာကျပြီး တိုင်းသူပြည်သား ဆင်းရဲသား လယ်သမား တို့ရဲ့ ပစ္စည်း ဘဏ္ဍာကို နစ်နာအောင် ဖျက်ဆီးရာရောက်တယ်။ ငါဟာ

ဂရုစိုက်မှု စောင့်ထိန်းနေသူဖြစ်တယ်။ ဒီအတွက် ငါ့သီလများ ပျက်သွားလေမလားလို့ သံသယဖြစ်မိတယ်။

ဒါကြောင့် အမတ်မင်းများကို ငါ့ရဲ့ ဂရုစိုက်မှုကို မပေးလိုဘူး။ တံခါးမှူးကတော့ ဂရုစိုက်မှုကို စင်ကြယ်စွာ လုံခြုံအောင် စောင့်ထိန်းနိုင်တယ်။ သူ့ဆီ သွားယူကြ စေလိုပါတယ်လို့ ပြောပြတယ်။

ကာလိင်္ဂ အမတ်များက အမတ်မင်းမှာ ခိုးလိုတဲ့ စိတ်မှ မရှိဘဲ အပြစ်မရှိပါဘူး။ အဒိန္နာဒါနကံ ဆိုတာ ခိုးလိုသောစိတ်ရှိမှ ဖြစ်နိုင်တာပါ။ ဒီမျှလောက်ကလေးကို သံသယဖြစ်နေယင် အမတ်မင်းဟာ သူတပါးပစ္စည်းကို ဘယ်တော့မှ ယူတော့မှာ မဟုတ်တော့ပါဘူး။ ပေးသာပေးပါ။ ရေးယူပါရစေလို့ ပြန်ပြောကြတယ်။

ပြည်စိုးအမတ်က ဒီလိုဆိုယင်ဖြင့် ရေးယူကြပေတော့။ ဒါပေမဲ့ တံခါးမှူးဆီတော့ သွားစေချင်ပါသေးတယ်။ သူကတော့ ဂရုစိုက်မှုကို စင်ကြယ်စွာ လုံခြုံအောင် စောင့်ထိန်းနေသူ ဖြစ်ပါတယ်လို့ ညွှန်ကြားလိုက်ပြန်တယ်။

## တံခါးမှူး

ကာလိင်္ဂ အမတ်များလဲ ပြည်စိုးအမတ်ထံမှ ဂရုစိုက်မှုကို ကူးယူပြီးနောက် တံခါးမှူးထံ သွားကာ တောင်းယူပြန်တယ်။ တံခါးမှူးကလဲ ငါဟာ ဂရုစိုက်မှုကို စောင့်ထိန်းတာတော့ မှန်ပါတယ်။ ဒါပေမဲ့ သံသယဖြစ်စရာ အချက်ရှိနေလို့ ကိုယ့်သီလ ကိုယ် မကျေနပ်ဘူး။

တကြိမ်က ညချမ်းအခါ မြို့တော်တံခါးကို ပိတ်ရန် ၃–ကြိမ်တိုင်တိုင် ကြွေးကြော်ပြီး ပိတ်မယ်လဲ လုပ်ကရော ဆင်းရဲသားတယောက် မိန်းမပျိုကလေးတဦးနဲ့ အရေးတကြီး မြို့ထဲဝင်ရအောင် ရောက်လာတယ်။

ဒီအခါ ငါက ဒါ မင်းမဲ့တိုင်းပြည် မဟုတ်ဘူး။ အချိန်နဲ့ တံခါး

ပိတ်တယ်ဆိုတာ မသိဘူးလား။ မိန်းမကိုခေါ်ပြီး တနေ့လုံး ကာမဂုဏ်နဲ့ အပျော်ကြူးနေတာ မကောင်းဘူးလို့ အပြစ်တင်ကာ မာန်မဲ ပြောဆိုမိတယ်။

ဒီတော့ ဆင်းရဲသားယောကျ်ားက ဒီ မိန်းမဟာ ကျွန်တော့ နှမကလေး ဖြစ်ပါတယ်။ မယားမဟုတ်ပါဘူးလို့ ပြန်ပြောတယ်။

ဒီအခါမှာ ငါဟာ ဂရုဓမ္မကို စောင့်ထိန်းနေသူ ဖြစ်ပါလျက်နဲ့ နှမကို မယားဖြစ်အောင် မတရားစွပ်စွဲ ပြောဆိုမိတယ်။ သည်အတွက် ငါ့သီလ ပျက်သွားလေမလားလို့ သံသယဖြစ်သွားမိတယ်။

ဒါကြောင့် ငါ့ရဲ့ ဂရုဓမ္မကို အမတ်မင်းများအား မပေးလိုဘူး။ ပြည့်တန်ဆာမကတော့ စင်ကြယ်စွာ လုံခြုံအောင် စောင့်ထိန်းနိုင်တယ်။ ပြည့်တန်ဆာမဆီ သွားယူကြပါလို့ ပြောပြတယ်။

ကာလိင် အမတ်များက တံခါးမှူးမင်းရဲ့ စိတ်ထဲမှာ နှမကို မယားထင်မိလို့ ပြောမိတာဘဲ။ နှမမှန်းသိလျက်နဲ့ ပြောတာမှ မဟုတ်ဘဲ။ အပြစ်မရှိပါဘူး။ ဒီလောက်ကလေးကို သံသယဖြစ်နေယင် တံခါးမှူးမင်းဟာ ဘယ်လို မုသာဝါဒမှ ကျူးလွန်တော့မှာ မဟုတ်တော့ပါဘူး။ ပေးသာပေးပါ။ ရေးယူပါရစေလို့ ပြန်ပြောကြတယ်။

တံခါးမှူးက ဒီလိုဆိုယင်ဖြင့် ရေးယူကြပေတော့။ ဒါပေမဲ့ ပြည့်တန်ဆာမဆီတော့ သွားဖြစ်အောင် သွားကြပါ။ သူကတော့ ဂရုဓမ္မကို စင်ကြယ်စွာ လုံခြုံအောင် စောင့်ထိန်းနေသူ ဖြစ်ပါတယ်လို့ ပြောပြီး ညွှန်ကြားလိုက်ပြန်တယ်။

## ပြည့်တန်ဆာမ

ကာလိင် အမတ်များဟာ တံခါးမှူးထံမှ ဂရုဓမ္မကို ကူးယူပြီးနောက် ပြည့်တန်ဆာမထံ ချဉ်းကပ်ပြီး ဂရုဓမ္မကို တောင်းယူကြပြန်တယ်။ ပြည့်တန်ဆာမကလဲ ကျွန်မဟာ ဂရုဓမ္မကိုတော့ စောင့်ထိန်းပါတယ်။

ဒါပေမဲ့ ကျွန်မမှာ သံသယ ဖြစ်စရာအချက် ရှိနေလို့ ကိုယ့်သီလ ကိုယ် မကျေနပ်တဲ့အတွက် အမတ်မင်းများတောင်းတာ မပေးနိုင်အောင် ဖြစ်နေပါတယ်။

တကြိမ်တုန်းက လုလင်ပျိုတယောက် ကျွန်မနဲ့ ပျော်ပါးရအောင် ငွေတထောင်ပေးပြီး လာမယ်ဆိုကာ ထွက်သွားပါတယ်။ သူ့ငွေ တထောင်ကို ကျွန်မယူထားလိုက်ပြီး စောင့်နေတာ တနေ့ လာနိုး တနေ့လာနိုးနဲ့ ၃–နှစ်တိုင်တိုင်ကြာသွားပါတယ်။အဲဒီ ၃–နှစ်အတွင်း မှာ သီလပျက်မှာစိုးလို့ အခြားသူထံမှ တပြားတချပ်မှ လက်မခံဘဲ သူ့ကိုသာ တမျှော်မျှော်နဲ့ စောင့်နေခဲ့ရပါတယ်။

ဒီလိုစောင့်နေတော့ ကျွန်မမှာ ဝင်ငွေမရှိလို့ ဆင်းဆင်းရဲရဲဖြစ်လာ ပြီး စားရေး သောက်ရေးတောင် အခက်အခဲ ကြုံလာပါတယ်။ အဲဒီ အတွက် အသက်မွေးမှု ခဲယဉ်းလာလို့ တရားသူကြီးတွေဆီမှာ အဆုံး အဖြတ်ခံပါတယ်။ တရားသူကြီးတွေက စစ်ကြောမေးမြန်းပြီး အခု အချိန်ကစပြီး ရိက္ခာရအောင် ငွေဝင်မှုကို ပြုနိုင်ပြီလို့ စီရင်ချက်ချလိုက် ပါတယ်။

စီရင်ချက်ချလို့ ရုံးတော်ပေါ်က ဆင်းလာတာနဲ့ တပြိုင်နက် ယောကျ်ားတယောက်က ကျွန်မနဲ့ ပျော်ပါးရအောင် ငွေတထောင် လာပေးပါတယ်။ သူပေးတဲ့ ငွေတထောင်ကို ယူမယ်လို့ ကျွန်မက လက်ဖြန့်လိုက်ထာနဲ့ တပြိုင်နက် လွန်ခဲ့တဲ့ ၃–နှစ်က ငွေတထောင် ပေးသွားတဲ့ လုလင်ပျိုဟာ ဘွားကနဲ ပေါ်လာပါတယ်။

ဒီအခါမှာ ကျွန်မက လွန်ခဲ့တဲ့ ၃–နှစ်က ငွေတထောင်ပေးသွား တဲ့လုလင်ပျိုလာနေပြီ။ရှင့်ငွေကို ကျွန်မ မယူလိုတော့ဘူး ဆိုပြီး လက် ကိုပြန်ရုပ်လိုက်တယ်။

ဒီအချိန်မှာ အံ့အားသင့်လို့ မဆုံးနိုင်အောင် တအံ့တသြဖြစ်လာရ ပုံက လွန်ခဲ့တဲ့ ၃–နှစ်က ငွေတထောင် ပေးသွားတဲ့ လုလင်ပျိုဟာ

ဗြုန်းကနဲ လူစင်စစ်က နတ်ဖြစ်ပြီး ထွက်ခါစ နေမင်းရဲ့ အရောင်ကဲ့သို့ တပြောင်ပြောင် တဝင်းဝင်းနဲ့ ရွှေအဆင်းပမာ ရုပ်ဆင်းအင်္ဂါ ပြည့်စုံစွာနဲ့ ကောင်းကင်ပေါ် တက်သွားပါတယ်။ ကောင်းကင်က ရပ်ပြီး စကားပြောတယ်။

ဒီသတင်းဟာ ချက်ချင်းပျံ့နှံ့ပြီး ရွှေမြို့တော်တခုလုံး အုတ်အုတ်ကျက်ကျက် ဖြစ်သွားပါတယ်။ အဲဒီနတ်ဟာ ကောင်းကင်မှာရပ်ပြီး ငါဟာ အခြားမဟုတ်။ တာဝတိံသာက နတ်တို့ အရှင် သိကြားမင်း ဖြစ်တယ်။ ငါဟာ ဒီပြည့်တန်ဆာမရဲ့ သီလကို စုံစမ်းလိုတဲ့အတွက် လွန်ခဲ့တဲ့ ၃–နှစ်က လုလင်ပျိုယောင် ဆောင်ပြီး ငွေတထောင် ပေးသွားခြင်းဖြစ်တယ်။ သီလစောင့်တဲ့လူဆိုတာ ဒီလိုစောင့်စည်းရမယ်။ သူ့ကို နမူနာ ယူကြရမယ်လို့ ဆုံးမ ဩဝါဒပေးပြီးကျွန်မရဲ့ တအိမ်လုံးကို ရတနာမိုး ရွာချသွားလို့ တအိမ်လုံးသိကြားမင်းတန်ခိုးနဲ့ ရတနာ ၇–ပါးပြည့်နှက်သွားပါတယ်။

အဲဒီအကြောင်းကြောင့် ကျွန်မစိတ်ထဲမှာ ငါဟာ လူတယောက်ဆီက ငွေကိုယူပြီးသူ့ငွေကို ကျေလယ်အောင် မဆပ်ရသေးဘဲနဲ့ အခြားသူတယောက်ဆီက ပေးတဲ့ငွေကို ယူရအောင် လက်ဖြန့် ခံမိတာဟာ ဂရုဓမ္မစောင့်ထိန်းနေသူမို့မသင့်လျော်ဘူး။ဒီအတွက်ငါ့သီလများ ပျက်သွားလေမလားလို့ သံသယဖြစ်မိတယ်။ ဒါကြောင့် အမတ်မင်းများကိုကျွန်မရဲ့ ဂရုဓမ္မ မပေးလိုဘူးလို့ ပြောပြတယ်။

ကာလိင်္ဂ အမတ်များက "လက်ဖြန့်ရုံနှင့် သီလမပျက်နိုင်ပါဘူး။ အရှင်မရဲ့ သီလဟာ အလွန်စင်ကြယ်တာဘဲ။ ပေးသာပေးပါ။ ရေးကူးယူပါရစေ" လို့ ပြန်ပြောတယ်။

ပြည့်တန်ဆာမက ဒီလိုဆိုယင်ဖြင့် ရေးယူကြပါ။ ခွင့်ပြုပါတယ်လို့ ပြောပြီး သူ့ရဲ့ ဂရုဓမ္မကို ကူးယူစေပါတယ်။

အဲဒီလို ကာလိင်္ဂတိုင်းကသံတမန်တော်များဟာ ဂရုဓမ္မတရားများ

ကို ရွှေပေလွှာတွင် ရေးကူးယူငင်ခဲ့ကြပြီး သူတို့ရဲ့ ရှင်ဘုရင်ကို ဆက်သကြတယ်။ဘုရင်မင်းမြတ်၊သူ့ဝန်ကြီးတွေ၊နန်းတော်သူနန်းတော်သားတွေနဲ့ နိုင်ငံသူနိုင်ငံသားတွေဟာရွှေပေလွှာမှာပါရှိတဲ့အတိုင်း“ဂရုဓမ္မ” ခေါ် ငါးပါးသီလကို စင်ကြယ်စွာ လုံခြုံအောင် စောင့်ထိန်းလိုက်ကြတဲ့အတွက် နိုင်ငံတော်တဝှန်းလုံး တခဲနက် သည်းထန်စွာ မိုးကြီး ရွာသွန်းချပါတယ်။

ပြည်သူလူထုကြီး တရပ်လုံးဟာလဲ ငတ်မွတ် ခေါင်းပါးခြင်းနဲ့ ရောဂါထူပြောခြင်းဆိုတဲ့ ဘေးဆိုးကြီးတွေက လွတ်မြောက်ကြတယ်။ နိုင်ငံတဝှန်းလုံးလဲ စည်ပင်သာယာ ဝပြောလာတယ်။

## ငါးပါးသီလသည် သောတာပန်ဖြစ်ခြင်း၏ အကြောင်းဖြစ်ပုံ သောတာပန် အင်္ဂါ ၄ – ပါးတွင် တပါး အပါအဝင် ဖြစ်ပုံ

မူရင်း ပါဠိတော်မှ ဘာသာပြန်ဆိုချက်

အို – ငါ၏ချစ်သား ရဟန်းများတို့....တရား ၄ – ပါးနှင့်ပြည့်စုံသော အရိယာ၏ တပည့်သည် သောတာပန် မည်သည်ဖြစ်၏။ ဖရိုဖရဲကျခြင်း သဘောမရှိ။ မြဲသော ဂတိ ရှိ၏။ အထက် မဂ်ဖိုလ်သာလျှင် လည်းလျောင်းရာရှိ၏။

အို – ငါ၏ချစ်သား ရဟန်းများတို့....တရား ၄ – ပါးဟူသည်ကား အဘယ်နည်းဟူမူ –

(၁) ဤသာသနာတော်၌ အရိယာ၏ တပည့်သည် မြတ်စွာဘုရား၌ ဣတိပိသောဘဂဝါ – စသည်ဖြင့်မတုန်မလှုပ် သက်ဝင်ယုံကြည်ခြင်းနှင့် ပြည့်စုံ၏။

(၂) တရားတော်၌ သွက္ခာတော ဘဂဝတာ ဓမ္မေ–စသည်ဖြင့် မတုန်မလှုပ် သက်ဝင် ယုံကြည်ခြင်းနှင့် ပြည့်စုံ၏။

(၃) သံဃာတော်၌ သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော စသည်ဖြင့် မတုန်မလှုပ် သက်ဝင်ယုံကြည်ခြင်းနှင့်ပြည့်စုံ၏။

(၄) မကျိုးကုန်သော မပေါက်ကုန်သော မပြောက်ကုန်သော မကျားကုန်သော ပညာရှိတို့ ချီးမွမ်းအပ်ကုန်သော တဏှာ ဒိဋ္ဌိတို့သည် မသုံးသပ်အပ်ကုန်သော သမာဓိကို ဖြစ်စေ တတ်ကုန်သော အရိယာတို့သည် နှစ်သက်အပ်၍ "အရိယ ကန္တ" မည်သော သီလတို့နှင့် ပြည့်စုံ၏။

အို–ငါ၏ချစ်သား ရဟန်းများတို့....ဤ ဆိုအပ်ခဲ့ပြီးသော တရား ၄–ပါးနှင့် ပြည့်စုံသော အရိယာ၏ တပည့်သည်(ပုဂ္ဂိုလ်သည်)သော တာပန် မည်သည်ဖြစ်၏။ ဖရိုဖရဲ ကျခြင်း သဘောမရှိ။ မြဲသော ဂတိ ရှိ၏။ အထက်မဂ်ဖိုလ်သာလျှင် လည်းလျောင်းရာရှိ၏။

အဲဒီလို ဆဋ္ဌသံဂါယနာမူ သံယုတ္တနိကာယ မဟာဝဂ္ဂ သံယုတ္တပါဠိ တော် သောတာပတ္တိသံယုတ် ဗြဟ္မစရိယောဂဓသုတ်[၃၂] မှာ [illegible]တ်မှ ဘုရား ဟောကြားထားတာ အထင်အရှား ရှိပါတယ်။

"အရိယကန္တသီလ" ဆိုတာ ငါးပါးသီလပင် ဖြစ်တယ်။ အထက်ပါ ပါဠိတော်ရဲ့ အဖွင့်ဖြစ်တဲ့ သာရတ္ထပကာသိနီ မည်တဲ့ သံယုတ် အဋ္ဌ ကထာ[၃၃] မှာ "အရိယကန္တေဟီတိ အရိယာနံ ကန္တေ[illegible]ဟိ ပိယေဟိ မနာပေဟိ၊ ပဉ္စဟိသီလာနိ ဘဝန္တရဂတာပိ အရိယာ န ကောပေန္တိ၊ ဧဝံ တေသံ ပိယာနိ၊ တာနိ သန္ဓာယေတံ ဝုတ္တံ" လို့ ဖွင့်ဆိုထားပါတယ်။

အဓိပ္ပါယ်ကတော့ ငါးပါးသီလကို အရိယာပုဂ္ဂိုလ်တို့[illegible]ကြောင်းတွေ မြတ်နိုးချစ်ခင်ကြတယ်။ နှစ်သက်မြတ်နိုး ချစ်ခင်[illegible] တပါးသို့ ရောက်စေကာမူ မပျက်အောင် လုံခြုံ[illegible]မြင်ထဲ မြင်နေ တယ်။ [illegible] အဓိပ္ပါယ်ကို ရည်ရွယ်ပြီး ငါးပါးသီ[illegible]းနေကြတာတွေ

(အရိယာတို့ နှစ်သက်အပ်သောသီလ) လို့ မြတ်စွာဘုရား ဟောတော်မူခဲ့ပေတယ်လို့ ဆိုလိုပါတယ်။

သဘာပတိနဲ့ လူကြီးမင်းများခင်ဗျား။ အခု ကျွန်တော် ပြောခဲ့တာလောက် ဆိုယင် –

(၁) ငါးပါးသီလဆိုတာဘာလဲ။

(၂) ငါးပါးသီလ စောင့်ထိန်းတဲ့အတွက် ရအပ်တဲ့ အကျိုးတွေဟာ ဘာလဲ။

(၃) ငါးပါးသီလကို ဖောက်ဖျက်တဲ့အတွက် ခံရမဲ့ အပြစ်တွေဟာ ဘာလဲ။

(၄) ငါးပါးသီလကို ဘယ်လိုစောင့်ထိန်းရမလဲ။

ဆိုတဲ့ အချက်ကြီး ၄–ချက်ကို လုံလုံလောက်လောက် သဘောပေါက်နိုင်ကြပြီလို့ ကျွန်တော် ယုံကြည်ပါတယ်။

အရှုံးနဲ့အမြတ် ရှိတဲ့အနက်က ဘယ်ဟာကို ရွေးရမယ်ဆိုတာ သိတတ်တဲ့ဉာဏ်ဟာ လူတွေမှာ များသောအားဖြင့် ရှိကြပါတယ်။ အဲဒီတော့ ဘယ်ဟာကိုဘဲ လုပ်လုပ်၊ မလုပ်ခင်တော့ ဘယ်အလုပ်လုပ်ယင် မြတ်မယ်၊ ဘယ်အလုပ်လုပ်ယင် ရှုံးမယ်ဆိုတာကို လေးလေးနက်နက် စဉ်းစားကြစေချင်တယ်။ ငါးပါးသီလကို စောင့်ထိန်းရတာ မခက်လှပါဘူး။ စောင့်ထိန်းတဲ့လူမှာလဲ အခု ပစ္စုပ္ပန်ဘဝမှာရော နောင်တမလွန်ဘဝမှာရော အကျိုးတွေ အများကြီး ခံစားရမယ်။ အဲဒီ ငါးပါးသီလကို ဖောက်ဖျက်ယင် ဖောက်ဖျက်တဲ့လူတွေဟာ အပြစ်တွေကို ဒီပစ္စုပ္ပန်ဘဝမှာလဲ ကေနမုချ ခံရမယ်။ နောင်တမလွန်ဘဝမှာလဲ ကေနမုချခံရချင်ရာတွေဟာ အမြတ်ထွက်တဲ့လမ်းနဲ့ အရှုံးထွက်တဲ့လမ်းဆိုပြီးလမ်းထက် ခဏတက ကက ဘယ်လမ်းကိုလိုက်မယ်ဆိုတာကိုပြည်ထောင်စုအခု မျက်မှောက် ားတွေ လေးလေးနက်နက် စဉ်းစားကြ ို သင့်ပြီ။ အခါ ဖြစ်ကော တပြောထဲပြော၊ မဟုတ်တာတွေကု တလုပ်ထဲ

လုပ်နေကြတဲ့ လူတွေဟာ လေးလေးနက်နက် မစဉ်းစားမိယင်သာ သူတို့ဟာသူတို့ ဟုတ်လှပြီလို့ ထင်ကြလိမ့်မယ်။ မမှန်တာ ပြောတာတွေ မဟုတ်တာ လုပ်တာတွေ မတော်တာ စိတ်ကူးတာတွေဟာ ပြောပြီး လုပ်ပြီး စိတ်ကူးပြီးတာနဲ့ ပျောက်သွားကြတာ မဟုတ်ဘူး။ အဲဒီလို မမှန်တာပြောသမျှတွေ မဟုတ်တာ လုပ်သမျှတွေ မတော်တာ စိတ်ကူးသမျှတွေဟာ အကုသိုလ်ကံတွေဖြစ်ပြီး ဒီဘဝမှာရော နောင်တမလွန် ဘဝတွေမှာရော ဒီ ပြောခဲ့တဲ့ လုပ်ခဲ့တဲ့ စိတ်ကူးခဲ့တဲ့ လူကို လိုက်ပြီး နှိပ်စက်လိမ့်မယ်။

ကျွန်တော်တို့ မျက်စိရှေ့မှာဘဲ လူအမျိုးမျိုးကို တွေ့ဘူးကြပြီမဟုတ်ဘူးလား။တချို့လူတွေက ဆင်းရဲတယ်။တချို့က ချမ်းသာတယ်။ တချို့က အခြေအရံ ပေါများတယ်။ တချို့က အခြေအရံနည်းပါးတယ်။ တချို့ကပညာရှိတယ်။ တချို့က ပညာမဲ့တယ်။ တချို့က ကိုယ်အင်္ဂါအစိတ်အပိုင်း ပြည့်စုံတယ်။ တချို့က မပြည့်စုံဘူး။ တချို့က ယောကျ်ားစစ်တယ်။ တချို့က နပုန်းပဏ္ဍုက်ဖြစ်တယ်။ တချို့က ကျန်းမာတယ်။ တချို့က မကျန်းမာဘူး။ တချို့က အသက်တိုတယ်။ တချို့က အသက်ရှည်တယ်။ တချို့က ဘုန်းတန်ခိုးရှိတယ်။ တချို့က ဘုန်းတန်ခိုးမရှိဘူး။ တချို့က လူအကြည်ညိုခံရတယ်။ တချို့က လူအကြည်ညို မခံရဘူး။ တချို့က လူချစ်လူခင် များတယ်။ တချို့က လူမုန်းများတယ်။

အဲဒါတွေဟာ အကြောင်းမဲ့ ဖြစ်နေတာတွေမဟုတ်ဘူး။ဒီအတိုင်းဖြစ်အောင် ရှေးဘဝတွေကရော၊ ယခုဘဝမှာရော ပြောခဲ့တဲ့ လုပ်ခဲ့တဲ့ စိတ်ကူးခဲ့တဲ့ ကာယကံ ဝစီကံ မနောကံတွေဆိုတဲ့ အကြောင်းတွေကြောင့်ဘဲဖြစ်တယ်။

အဲဒီလို နေ့စဉ်နဲ့အမျှ ကျွန်တော်တို့ မျက်စိရှေ့မှာ ဂျာမြင်ထဲ မြင်နေရတဲ့ သတ္တဝါတွေရဲ့ တဦးနဲ့တဦး မတူကွဲပြား ခြားနားနေကြတာတွေ

ဟာ ကျွန်တော်တို့အတွက် အင်မတန် အဖိုးတန်တဲ့ သခ်ဏ်းစာကြီးတွေ ဖြစ်သင့်တယ်။ ဘဝအဆက်ဆက် ကုသိုလ်ကောင်းလို့ နေရာကောင်း တွေကို ရောက်နေကြတဲ့လူတွေကလဲ ဘဝမရှုံးအောင် ပြောတဲ့အခါမှာ ရော လုပ်တဲ့အခါမှာရော စိတ်ကူးတဲ့အခါမှာရော မကောင်းတာတွေ မပြောမိကြဘဲ မဟုတ်တာတွေကို မလုပ်မိကြဘဲ မတော်တာတွေကို စိတ်မကူးမိကြဘဲ နိဗ္ဗာန်ရောက်တဲ့အထိ တဘဝထက်တဘဝ တိုးတက် ကောင်းမွန်လာအောင် ဆိုတဲ့ ရည်ရွယ်ချက်နဲ့ မှန်တဲ့စကားတွေကို ပြောနိုင်သမျှ ပြောမိအောင် ကောင်းတဲ့အလုပ်တွေကို လုပ်နိုင်သမျှ လုပ်မိအောင် သင့်တော် လျောက်ပတ်တဲ့ စိတ်ကူးတွေကို စိတ်ကူး နိုင်သမျှ ကူးမိအောင် အထူးကြိုးစားကြရမယ်။

အဲဒီ နည်းအတိုင်းဘဲ ဘဝအဆက်ဆက်က လုပ်ခဲ့တဲ့ ကံတွေဟာ မကောင်းခဲ့လို့ နေရာဆိုးတွေကို ရောက်နေကြရတဲ့ လူတွေကလဲ လက်ရှိဘဝထက် ထပ်ပြီးယုတ်လျော့မသွားဘဲ နိဗ္ဗာန်ရောက်တဲ့အထိ တဘဝထက်တဘဝ တိုးတက် ကောင်းမွန်လာအောင်ဆိုတဲ့ ရည်ရွယ် ချက်နဲ့ ပြောတဲ့အခါမှာရော လုပ်တဲ့အခါမှာရော စိတ်ကူးတဲ့အခါ မှာရော မကောင်းတာတွေ မပြောမိကြဘဲ မဟုတ်တာတွေကို မလုပ်မိ ကြဘဲ မတော်တာတွေကို စိတ်မကူးမိကြဘဲ မှန်တဲ့ စကားတွေကို ပြော နိုင်သမျှ ပြောမိအောင် ကောင်းတဲ့အလုပ်တွေကို လုပ်နိုင်သမျှ လုပ်မိ အောင် သင့်တော်လျောက်ပတ်တဲ့ စိတ်ကူးတွေကို စိတ်ကူးနိုင်သမျှ ကူးမိအောင် အထူး ကြိုးစားကြရမယ်။

ဒီလို မကြိုးစားဘဲ စိတ်နောက်ကိုယ်ပါ ပြောချင်ရာတွေပြော လုပ် ချင်ရာတွေလုပ် စိတ်ကူးချင်ရာတွေ ကူးနေကြမယ်ဆိုယင် သမုဒ္ဒရာ ထက် ခဏတက်တဲ့ ရေပွက်ကလေးနဲ့ တူတဲ့ အင်မတန် တိုတောင်းလှတဲ့ **အခု** မျက်မှောက် ဘဝကလေးမှာ ဟုတ်သလိုလို ဟန်သလိုလို ဖြစ်တဲ့ အခါ ဖြစ်ကောင်းဖြစ်ပါလိမ့်မယ်။ ဒါပေမဲ့ အဲဒီ သမုဒ္ဒရာထက် ခဏ

တက်တဲ့ ရေပွက်ကလေးနဲ့တူတဲ့ ယခု မျက်မှောက် ဘဝကလေး ကုန်ဆုံးသွားတဲ့အခါ မြှော်မှန်းကြည့်လို့ မရနိုင်လောက်အောင်ပင် ရှည်လျားလှတဲ့ ဘဝသံသရာထဲမှာ ဒီလူမိုက်တွေဟာ သူတို့လုပ်ခဲ့တဲ့ အကုသိုလ်တွေအတွက် လိမ့်ပြီး ခံကြရလိမ့်မယ်။

အဲဒါကြောင့် အချိန်ရှိခိုက် လုံ့လစိုက် ဆိုတဲ့ စကားလို နောက် ဘယ်လိုဘဲ မှားခဲ့မှားခဲ့၊ နောက်ထပ်ပြီး မမှားကြရအောင် အနဲတက် မှ အနဲဆုံး ငါးပါးသီလကိုဖြင့် ကျွန်တော်တို့တတွေ ခါးဝတ်ပုဆိုးကဲ့သို့ မြဲအောင် အချိန်ရှိခိုက် အစွမ်းကုန် လုံ့လ စိုက်ကြဘို့ ကျွန်တော်လေးနက်စွာ တိုက်တွန်းလိုက်ပါတယ်။ ။

# စာမျက်နှာနံပတ်ညွှန်းများ

စာမျက်နှာ


ာဒ္ဓိမဂ္ဂအဋ္ဌကထာ သီလနိဒ္ဒေသ... .... .... .... .... .... ၁၁
တကအဋ္ဌကထာ ဆက္ကနိပါတ တုဏ္ဍိလဇာတ် (ကဝိ) .... .... ၂၄၂
ဋ္ဌသာလိနီအဋ္ဌကထာ .... .... .... .... .... .... .... ၁၃၇
သမ္မောဟဝိနောဒနီအဋ္ဌကထာ .... .... .... .... .... .... ၃၆၈
သဂါထာဝဂ္ဂသံယုတ္တအဋ္ဌကထာ —.... .... .... .... .... .... ၅၂
ဗုဒ္ဓဝံသပါဠိတော် .... .... .... .... .... .... .... .... .... ၃၂၁
၇ အပဒါနပါဠိ နန္ဒာထေရီအပဒါန .... .... .... .... .... .... ၂၅၃
၈ ပဉ္စသီလသမာဒါနိယတ္ထေရအပဒါန .... .... .... .... .... .... ၈၅
ဒီဃနိကာယ ပါထိကဝဂ္ဂပါဠိ သင်္ဂီတိသုတ္တ .... .... .... .... ၁၉၆
ာမ္မောဟဝိနောဒနီအဋ္ဌကထာ .... .... .... .... .... .... ၃၆၅
ာဒ္ဓိမဂ္ဂအဋ္ဌကထာ .... .... .... .... .... .... .... .... ၁၅
ခုဒ္ဒကနိကာယ အဘိဓမ္မဝိဘင်္ဂပါဠိ သိက္ခာပဒဝိဘင်္ဂ .... .... .... ၂၉၉
ဒီဃနိကာယ မဟာဝဂ္ဂပါဠိ မဟာသုဒဿနသုတ္တ .... .... ... ၁၄၁
ဒီဃနိကာယ ပါထိကဝဂ္ဂပါဠိ စက္ကဝတ္တိသုတ္တ .... .... .... .... ၂၅
ဇာတကအဋ္ဌကထာ ဒုတိယအုပ် တိကနိပါတ ဂရုဓမ္မဇာတက
(ပြည်ကြီးမဏ္ဍိုင်) .... .... .... .... .... .... .... .... ၃၁၅
အင်္ဂုတ္တရနိကာယ ပဉ္စကနိပါတ ဂိဟိသုတ္တ ပဉ္စင်္ဂုတ္တရ အဋ္ဌကထာ
(ကဝိ) .... .... .. .. ... .. .... .. .... .. ၁၈၆
ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ ... .. . .... ၁၅
၅ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ .... ... .. .. .. .... ... ၁၅
၁၉ အင်္ဂုတ္တရနိကာယ ပဉ္စကနိပါတပါဠိ ဂိဟိသုတ္တ .... . . ၁၈၆

## စာမျက်နှာနံပတ်ညွှန်းများ


ဦးရေ                                                                                    စာ

၂၀ သံယုတ္တ နိကာယ မဟာဝဂ္ဂသံယုတ္တပါဠိ သောတာပတ္တိ သံယုတ္တ ...
၂၁ အင်္ဂုတ္တရနိကာယ ပဥ္စကနိပါတပါဠိ အက္ကောသကဝဂ္ဂ သီလသုတ္တ ...
၂၂ ဝိနယမဟာဝဂ္ဂပါဠိ ဘေသဇ္ဇက္ခန္ဓက ပါဋ္ဌလိဂါမဝတ္ထု .... .... ...
၂၃ ခုဒ္ဒကနိကာယ ဥဒါနပါဠိ ပါဋ္ဌလိဂါမိယသုတ္တ .... .... .... ..
၂၄ အင်္ဂုတ္တရနိကာယ ပဥ္စကနိပါတပါဠိ ဝေရသုတ္တ .... .... .... ....
၂၅ အင်္ဂုတ္တရနိကာယ ပဥ္စကနိပါတပါဠိ သိက္ခာပဒပေယျာလ .... ....
၂၆ ဣတိဝုတ္တက အဋ္ဌကထာ တိကနိပါတ ပဥ္စမသုတ္တ တတိယဝဂ္ဂ
(သုခမ္ဗဝတီ) .... .... .... .... .... .... .... .... ....
၂၇ အင်္ဂုတ္တရနိကာယ ပဥ္စကနိပါတပါဠိ .... .... .... .... .... ....
၂၈ ဝိနယမဟာဝဂ္ဂပါဠိ ဘေသဇ္ဇက္ခန္ဓက ပါဋ္ဌလိဂါမဝတ္ထု .... .... ....
၂၉ ဥဒါနပါဠိ ပါဋ္ဌလိဂါမိယသုတ္တ .... .... .... .... .... ....
၃၀ အင်္ဂုတ္တရနိကာယ အဋ္ဌကနိပါတပါဠိ ဒါနဝဂ္ဂ .... .... .... ....
၃၁ အင်္ဂုတ္တရနိကာယ မနောရထပူရဏီ အဋ္ဌကထာ အဋ္ဌကနိပါတ
ဒါနဝဂ္ဂ (ကဝိ) .... .... .... .... .... .... .... .... ....
၃၂ သံယုတ္တနိကာယ မဟာဝဂ္ဂသံယုတ္တပါဠိ သောတာပတ္တိ သံယုတ္တ
ဗြဟ္မစရိယောဂဓသုတ္တ .... .... .... .... .... .... .... ....
၃၃ သာရတ္ထပကာသိနီ သံယုတ္တအဋ္ဌကထာ .... .... .... .... ....


မှတ်ချက်။ ။အခြားပုံနှိပ်တိုက်ရိုက် အမည်များကို လက်သည်းကွင်း ပြထားပါသည်။ ကျန်အားလုံး ဆဋ္ဌမူမှဖြစ်ပါသည်။